


# ဝိပဿနာရှုဆိုတာ
# ဘာကိုရှုရမှာတုံး

**ယောဂီသစ်များအတွက်**

ဟောကြားသည့်နေ့
(၈-၁၀-၁၉၆၁)

၁၉၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၈)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏

## အမှာစာ

ဤတရားတော်သည် မိုးကုတ်ဆရာတော်ဘုရားကြီး၊ အမရပူရမြို့၌ နေ့ခင်းပိုင်းတွင် ရန်ကုန်မြို့မှ တပည့်ရင်းများဖြစ်ကြသော ဟသ်ာတ ဦးမာဒင်၊ ကျားပုံဦးသန်းမောင်၊ ဒေါ်ကောက်နှင့် ဦးဗထွေးတို့ကို အမှူးထား၍ ဟောကြားသော တရားတော်များဖြစ်ပါသည်။

တရားတစ်ပုဒ်လျှင် မိနစ် (၃၀) ခန့်သာ ရှိသဖြင့် (၈. ၁၀. ၁၉၆၁) ရက်နေ့တွင် ဟောကြားသော "ဝိပဿနာအလုပ်ပေး" တရားတော်နှင့် (၁၁. ၁၀. ၁၉၆၁) ရက်နေ့တွင် ဟောကြားသော "စိတ္တာနုပဿနာသင်တန်း" တရားတော် နှစ်ပုဒ်ကို စုပေါင်း၍ "ဝိပဿနာရှုဆိုတာ ဘာကိုရှုရမှာတုံး" အမည်ဖြင့် တရားတော်စာအုပ် ထုတ်ထားခြင်း ဖြစ်ပါသည်။

ဤတရားတော်များသည် ယောဂီသစ်များအတွက် အထူးပင် ကောင်းပါသည်။ ဆရာတော်ဘုရားက "ပေါ်လာတဲ့ စိတ်ကို မလွတ်တမ်း၊ နောက်ကနေပြီး ဖြစ်ပြီးပျက်တဲ့သဘော တွေကို ချုပ်သွားတဲ့ ဓမ္မတွေက ပြောသွားတဲ့အတွက် အနိစ္စပဲ၊ အနိစ္စပဲလို့၊ ပါးစပ်က မပြည်ဘဲနဲ့၊ အားလည်းမထုတ်ဘဲနဲ့ စောင့်ကြည့်နေရုံပါပဲ။ စောင့်ကြည့်နေတာ ချုပ်သွားတာက အနိစ္စ၊ ကြည့်တာက "အနိစ္စဉာဏ်"၊ ရှုတာက "အနိစ္စဉာဏ်" လို့ ဟောကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇) ပါး ကိန်းနိုင်ကြပါစေ။

အမှုဆောင်အဖွဲ့

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဝိပဿနာရှုဆိုတာ၊ ဘာကိုရှုရမှာတုံး (၁)

## (ယောဂီသစ်များအတွက်)

ဟောကြားသည့်နေ့ (၈-၁၀-၁၉၆၀)

ဒကာဒကာမတို့ အလုပ်ကို နားလည်အောင် ကြည့်ရမယ်လို့ မှတ်ကြစမ်းပါ (မှန်ပါ)။

အလုပ်ဆိုတာသည် မိမိခန္ဓာကိုယ်ထဲကို ကြည့်တာသိမှုလို့ မှတ်ကြစမ်းပါ (မှန်ပါ) မိမိခန္ဓာကိုယ်ထဲကြည့်တာသိလို့ရှိရင် အလုပ်ဖြစ်ပါတယ် (မှန်ပါ)။

## ဘုရား၏ ဆုံးဖြတ်ချက်

မိမိခန္ဓာကိုယ်ထဲမှာ ရှိတာမသိသရွေ့ကာလပတ်လုံး ဘုရားက ကန်းတဲ့ပုထုဇဉ်, ရူးတဲ့ ပုထုဇဉ်တဲ့ . . . (မှန်ပါ)၊ အကန်း အရူး မပျောက်သေးဘူး။ အိုဘေး နာဘေးရှိရာကို လှည့်ပြေးနေဦးမှာပဲလို့ ဆုံးဖြတ်ချက်ချတယ် . . . (မှန်ပါ)။

အဲဒီတော့ ဘုရားဆုံးဖြတ်ချက်ချတာကို အင်မတန် အမြင်တော်ကျယ်တဲ့ပုဂ္ဂိုလ်ကြီးက ဆုံးဖြတ်ချက်ချတဲ့အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက၊ ဩော် . . . ဒို့သည်ကားလို့ ဆိုရင်ဖြင့် ကိုယ့်အမြင်နဲ့ကိုယ် ဟုတ်နေလို့မတော်သေးပါကလား၊ ဘုရားအမြင်တော်အောက်သို့ရောက်မှ အမှန်ဆိုရမှာပါကလား ဆိုတာ မှတ်ရမယ် . . . (မှန်လှပါဘုရား)။

## ကိုယ့်အမြင်ကဘာမှမဟုတ်ဘူး

ကိုယ့်အမြင်နဲ့ တိုယ်တော့ ဘာမှမဟုတ်သေးဘူးလို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ)။ ကိုယ့်အမြင်က နဂိုက ကတည်း က အမိဝမ်းခေါင်းထဲ ကံကပစ်ချလိုက်တယ်၊ အမိဝမ်းခေါင်းထဲ ကံက ပစ်ချလိုက်တော့ ဘယ်သူမှ ကယ်မည့် ဆယ်မည့်သူ ဖေးမ မည့်သူ မရှိဘူး၊ ဒီအတိုင်း ထိုင်နေရတာ . . . (မှန်ပါ)။

ပြင်ဘက် မွေးဖွားလာတော့ အမိ အဖတွေတော့ ရှိပါရဲ့၊ သူတို့ကလည်း သူတို့အမြင်နဲ့ သင်ထားရတာဖြစ်တော့ အမှန်မြင်

မပါဘူး (မှန်ပါ)၊ တိုတိုပြောတော့ အကန်းကမွေးလို့ အကန်းကလေးပဲ ရှိသေးတယ် . . . (မှန်ပါ)။

အကန်းကမွေးလို့ အကန်းကလေးပဲ ရှိသေးတယ်လို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ)၊ အဲဒီအကန်းကမွေးတဲ့ အကန်းကလေးဟာ အကန်းကြီးပြရာကို အကန်းကလေး လိုက်တာပဲ ရှိသေးတယ်၊ အမှန်တော့ မရောက်သေးဘူး . . . (မှန်ပါ)။

## ခန္ဓာအရှိနဲ့ဉာဏ်အသိ

ဒါဖြင့် ဒကာ ဒကာမတွေ ဘုန်းကြီးများလည်း လမ်းဖွင့်ပေးတယ်၊ ခန္ဓာကိုယ်ထဲမှာ ခင်ဗျားတို့ကြည့်ပါ။ ခန္ဓာ့အရှိနဲ့ ဉာဏ်အသိ လိုက်အောင်လုပ်ပါ။

ခန္ဓာအရှိနဲ့ (ဉာဏ်အသိ လိုက်အောင်လုပ်ရပါမယ်)။

## အလုပ်လုပ်တတ်ဖို့သက်သက်ပြောနေတာ

ခန္ဓာ့အရှိကိုတော့ဖြင့် ဘုရားဟော ဒေသနာနဲ့ ဘုန်းကြီး ပြပေးမယ် (မှန်ပါ)။ အဲဒီတော့ အခုနေ့လယ်ပြောနေတာက အလုပ် လုပ်တတ်ဖို့ပြောနေတယ်လို့ မှတ်ပါ (မှန်ပါ)၊ အလုပ် လုပ်တတ်ဖို့ သက်သက်ပြောနေတယ်၊ ဘာမှမရောဘူး (မှန်ပါ)။

## မြင်စိတ်ပေါ်တယ်

အားလုံး ဒကာ ဒကာမတွေ ဟိုစာအုပ်ထဲမှာလည်း ပါ, ပါတယ်၊ ပင့်ကူကြီး ဥပမာနဲ့ပြတာ (မှန်ပါ)၊ ပင့်ကူကြီးဥပမာက ဒါက မြင်စိတ်ကအကြောင်းတိုက်ဆိုင်ရင် ပေါ်တာပဲမြင်တယ်၊ မြင် မြင်ချင်းမြင်တဲ့စိတ်ကလေးကို နောက်ကနေပြီးတော့ကို အမြဲတမ်းဆင်ခြင်ပါ။ မြင်စိတ်ကလေး ရှိ-မရှိ အမြဲတမ်းဆင်ခြင်ပါ၊ ဆင်ခြင်တဲ့စိတ်လာရင် မြင်စိတ်မရှိဘူးဆိုတာ အမြဲမှတ်ပါ. . . (မှန်ပါ)။

## မြင်စိတ်နောက်ကဆင်ခြင်တဲ့စိတ်လိုက်ပါ

မြင်စိတ်ပေါ်ရင် နောက်က ဘာလိုက်မယ်၊ ဆင်ခြင်တဲ့စိတ်လိုက်ပါ (မှန်ပါ)၊ နောက်က ဆင်ခြင်တဲ့စိတ်လိုက်မယ်လို့ မှတ်ကြစမ်းပါ (မှန်ပါ)။

မြင်စိတ်ပေါ်ရင် ဘာလုပ်မယ် . . . (ဆင်ခြင်တဲ့စိတ်လိုက်ပါမယ်)၊ ဆင်ခြင်တဲ့စိတ်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း မြင်စိတ်မရှိဘူးဆိုတာ တစ်ထစ်ချ ဆုံးဖြတ်ချက် ချပါ . . . (မှန်ပါ)။

## ဆင်ခြင်တဲ့စိတ်သည်မရှိတာသိတယ်

ဒါဖြင့် မြင်စိက်သည် ဆင်ခြင်တဲ့ အချိန်မှာ မရှိသော ကြောင့် ဆင်ခြင်တဲ့စိတ်သည် မရှိတာ သိတယ် (မှန်ပါ)၊ အဲဒါ ကြောင့် မရှိတာကို အနိစ္စ၊ သိတာကို မဂ္ဂလို့ ဆိုတာ မဖျောက်ပါ နဲ့ (မှန်ပါ)။

## ဒါဝိပဿနာအစစ်လို့မှတ်

မရှိတာဟာ (အနိစ္စပါ)၊ သိတာဟာ (မဂ္ဂပါ)၊ မဖျောက် နဲ့ ဒီဥစ္စာကို (မှန်ပါ)၊ ဒီဟာ မဖျောက်ကြပါနဲ့တဲ့၊ ဒီဟာ အင်မတန် အရေးကြီးပါတယ်၊ ဒါ ဝိပဿနာအစစ်လို့ မှတ်ကြပါ (မှန်ပါ)။

အဲဒီတော့ မဂ်ရတာပဲ၊ ရှုခြင်းမဂ်ကို ရတာပဲလို့ အောက် မေ့ပါ။*

## ကြားစိတ်ပေါ်တယ်

တစ်ခါ ကြားစိတ်ကလေးက အကြောင်းတိုက်ဆိုင်တော့ ပေါ်ပြန်တယ်၊ နားထဲမှာ ကြားစိတ်ကလေး ပေါ်လာတယ်၊ ပေါ်လာတာကလေးကို ဒကာ ဒကာမတွေက တွေးပါ ရှိ-မရှိ (မရှိတော့ပါဘူး)၊ မရှိဘူးဆိုတာ သိပြီ (မှန်ပါ)။ ဒါဖြင့် မရှိတာကို

* ဝိပဿနာမဂ်ရသည်ကို ဆိုလိုသည်။

ဘာခေါ်ကြမယ် . . . (အနိစ္စပါဘုရား)၊ မရှိတာကတော့ အနိစ္စသက်သက်ပဲ၊ သိတာကတော့ (မဂ္ဂပါဘုရား)။

## မရှိတာကအနိစ္စ၊ သိတာက မဂ္ဂ

အဲ-ကြားစိတ်ပေါ်လည်း နောက်ကတွေးပါ၊ တွေးတော့ မရှိဘူးဆိုတာ သိလိမ့်မယ် (မှန်ပါ)၊ သိပြီးနောက်တော့ ဝေဖန်လိုက်တော့ ဩော်- မရှိတာက အနိစ္စပဲ၊ သိတာက မဂ္ဂပဲ (မှန်ပါ)။ အဲဒီလို ကြည့်တာ ဘုရားမျက်လုံးလို့မှတ်ပါ (မှန်ပါ)၊ ဘုရားပေးတဲ့မျက်လုံးလို့ မှတ်ပါ (မှန်ပါ)၊ မိဘရိုးရာနဲ့ကြည့်ရင် ဘယ်တော့မှ ဒီဥစ္စာကိုမတွေးမိဘူး၊ သိလည်းမသိဘူး (မှန်ပါ)၊ နှစ်ခုရှိသွားပြီနော် (မှန်ပါ)။

အားလုံး ဒကာ ဒကာမတွေမှာ အနံ့ကလေး နံ့ရင် နံ့တယ်မွှေးတယ်နဲ့ နံ့စိတ်ကလေးပေါ်ပါတယ်။ ပေါ်ပေါ်ချင်းကြည့်ပါ ရှိသေးသလား မရှိဘူးလား (မရှိပါဘူး)။

## နံ့စိတ်ပေါ်တယ်

ဒါဖြင့် မရှိတာကို ခင်ဗျားတို့ သိတယ် (မှန်ပါ) မရှိတာ သိတော့ မရှိတာကို ဘာခေါ်မလဲ အနိစ္စပါဘုရား၊ သိတာက (မဂ္ဂပါဘုရား)။

ဒီလိုသိသွားတော့ဒါ ခင်ဗျားတို့ခန္ဓာတွေကိုယ့်ခန္ဓာမရှိ

တာ ကိုယ်သိတယ်။ ရှင်းပလား - (ရှင်းပါပြီဘုရား)၊ ဒါ သူ့ခန္ဓာတွေကိုးဗျ ပေါ် သွားတာက (မှန်ပါ)၊ ကိုယ့်ခန္ဓာတွေ မရှိတာကို (ကိုယ်သိပါတယ်ဘုရား)၊ ကိုယ်သိတော့ ဩော်-ကိုယ့်ခန္ဓာအနိစ္စကို ကိုယ့်ဉာဏ်မဂ္ဂနဲ့ ကိုယ်သိတယ် (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဦးဗထွေး ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား)၊ ဦးသန်းမောင် ရှင်းရဲ့နော် (ရှင်းပါတယ်ဘုရား)။

ကောင်းပြီ တစ်ခါ လျှာပေါ်မှာ ချို၊ ချဉ်၊ ဖန်၊ ငန် သိတဲ့စိတ်ကလေးပေါ်တယ်၊ ပေါ်ရင် ဘာလုပ်ကြမယ်၊ ပေါ်ရင် ကြည့်လိုက် ရှိသေးသလား - မရှိဘူးလားလို့၊ တွေးတဲ့စိတ်လာရင် မရှိတော့ဘူး၊ နှစ်စိတ်မှမပြိုင်ကောင်းဘဲ . . . (မှန်ပါ)၊ ဒီစိတ်နဲ့ ဟိုစိတ် ပြိုင်မဖြစ်ကောင်းဘူး (မှန်ပါ)။

## တွေးလိုက်တဲ့အခါ မရှိတာသိရတယ်

ဒါဖြင့် တွေးလိုက်တဲ့အခါ မရှိတာ သိရတယ် (မှန်ပါ)၊ ဒါဖြင့် မရှိတာကို ဘာခေါ်မယ် . . . (အနိစ္စပါဘုရား)၊ သိတာက (မဂ္ဂပါဘုရား)၊ ဒကာ ဒကာမတွေ မင်မျက်လုံးနဲ့သိတယ်. . . (မှန်ပါ)။

ဘာနဲ့သိသတုံး (မင်မျက်လုံးနဲ့သိပါတယ်ဘုရား)၊ မင်နဲ့သိတယ်လို့ ဒေါ်ကောက်တို့ လူစုတွေ မှတ်ပါ၊ ဟို အစ်မလုပ်တဲ့

ဒကာမကြီးကလည်း မှတ်၊ မန္တလေးက ဒကာ ဒကာမတွေလည်း မှတ်ကြနော် . . . (မှန်ပါ)။

ဘယ်သူမရှိတာကို ဘယ်သူသိတာတုံး ဆက်မေးတယ်နော် (မှန်ပါ)၊ ကိုယ့်ခန္ဓာမရှိတာ ကိုယ်သိတယ် (မှန်ပါ)၊ သဘောပါကြပလား . . . (ပါပါပြီဘုရား)။

## ကိုယ့်ခန္ဓာမရှိတာသိတယ်

ကိုယ့်ခန္ဓာ မရှိတာကို ကိုယ်သိတယ်၊ ကိုယ့်ခန္ဓာကြီးက ဆုတောင်းထားတုန်းက ဒီလို ခဏခဏသေတဲ့ ခန္ဓာမျိုးကြီးရမယ်ဆိုတာသိရင် ဦးမာဒင် ဘယ်သူမှ မတောင်းဘူး မဟုတ်လား (မှန်ပါ)။

အခုတော့ အဲဒီတုန်းက ဉာဏ်မျက်လုံး မရတုန်းက တောင်းတာ (မှန်ပါ)၊ အခု ဉာဏ်မျက်လုံး ရတဲ့ ပုဂ္ဂိုလ်ကျတော့ ခဏ ခဏ သေတာကြီးကို ကိုယ်ကိုယ်တိုင် မြင်နေရတယ်၊ ဒီက သေလိုက် ဖြစ်လိုက် ဒီက သေလိုက် ဖြစ်လိုက် ဒီလိုချည်း ဖြစ်မနေဘူးလား . . . (မှန်လှပါဘုရား)။

အဲဒီကဲ့သို့ သေတာ မြင်တော့ကို ခင်ဗျားတို့ ဘုံဘဝ၊ နတ်ပြည် ဗြဟ္မာပြည်ဘုံဘဝလိုချင်တဲ့ တဏှာစရိုက်ဟာ လာသေးရဲ့လား (မလာပါဘူး)၊ ဝိပဿနာနဲ့ ကိုယ့်အသေ ကိုယ်မြင်လို့ တဏှာ မလာတာ (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

## ဝိပဿနာကမှ ဒုက္ခကိုသိမ်းပေးတာ

ဒါဖြင့် တဏှာချုပ်၊ ဥပါဒါန်ချုပ်တော့ ကံချုပ်တယ်၊ နောက်ခန္ဓာ အဆက်ရဦးမလား - (မရပါဘူး)၊ မရတော့ ဝိပဿနာကမှ ဒို့ဒုက္ခကို သိမ်းပေးတာကိုး၊ ပေါ်လာပြီ (မှန်ပါ)။

ဝိပဿနာဟာ ဘာလုပ်ပေးတုံး (ဒုက္ခသိမ်းပေးတာပါဘုရား)၊ ဒုက္ခသိမ်းပေးတာလို့ ဒကာ ဒကာမတွေ မှတ်လိုက်ပါ (မှန်ပါ)။

ကဲ-တစ်ခါသွားပါဦးတဲ့၊ ကိုယ်ပေါ်ကျတော့ ယားတယ်, နာတယ်, ကိုက်တယ်ဆိုတော့ ယားတဲ့၊ နာတဲ့စိတ်ကလေးကို ရှိသေးသလား-မရှိဘူးလား တွေးပါ ဒကာ ဒကာမတို့က. . . (မှန်ပါ)။

ယားတာကတော့ ရှေ့ပိုင်းကပေါ့ဗျာ၊ ဒါကလေးကို ဘုန်းကြီးက အတွေးခိုင်းတယ်၊ယားတဲ့စိတ်ကို တွေးရမယ်တဲ့ ဆိုလို့ရှိရင် တွေးလိုက်ရင် ဟိုက မရှိဘူး (မှန်ပါ)၊ မရှိတာကို ဘာခေါ်မယ် . . . (အနိစ္စပါ)၊ မရှိမှန်း သိတာက (မဂ္ဂပါဘုရား)။

## ဝမ်းထဲမှာ မင်္ဂပေါ်နေတယ်

ဒါဖြင့် ဝမ်းထဲမှာ ခင်ဗျားတို့ ခဏခဏ မဂ်ဉာဏ်ပေါ်နေတယ်၊ ဘာ့ကြောင့် ဦးဗထွေးတို့ ဦးသန်းမောင်တို့ ပေါ်နေပါလိမ့်မတုံးဆိုတော့ အမှန်မျက်လုံး ရလို့ပေါ်တာ၊ အမှန်မျက်လုံး မရရင် မပေါ်ပါဘူး (မှန်လှပါ)။

မိဘရိုးရာမျက်လုံးနဲ့ ဒီမဂ်ပေါ်ပါ့မလား . . . (မပေါ်ပါဘူးဘုရား)၊ မိဘရိုးရာမျက်လုံးနဲ့ ဒီမဂ် မပေါ်ပါဘူး။ အခုဘုရားပေးတဲ့မျက်လုံး၊ ဆရာက တစ်ဆင့်တပ်ပေးတဲ့ မျက်လုံးဉာဏ်မျက်လုံးပေါ့ဗျာ (မှန်ပါ)၊ အဲဒီ ဉာဏ်မျက်လုံးနဲ့ တပ်ကြည့်လိုက်တော့မှ ဒါ ဘယ်သူ သေတာတုံး မေးတော့ မိမိသေတာ (မှန်ပါ)၊ မိမိသေတာကို မိမိက သိတယ် (မှန်ပါ)။

ကိုယ့်အသေ ကိုယ်သိတာ ဆိုတော့ စာလိုတော့ အနိစ္စသိတယ်၊ မြန်မာလိုကတော့ ကိုယ့်အသေကိုယ်သိတယ် (မှန်ပါ)။

ခဏတိုင်း၊ ခဏတိုင်း သေနေတဲ့ ဥစ္စာကို ကျုပ်တို့ သိပါတယ် (မှန်ပါ)။

## ဝိပဿနာသမားမှသိတယ်

ဒါဟာအတွေးသမားမှာ သိတာနော် (မှန်ပါ)၊ ဝိပဿနာသမားမှ သိတယ်၊ တစ်ပါးသော ပုဂ္ဂိုလ်တို့မှာသိတဲ့ ကိစ္စမဟုတ်ပါဘူး (မှန်ပါ)။

တစ်ပါးသော ပုဂ္ဂိုလ်တို့ သိတာသည် တစ်သက်မှာ တစ်ခါ သေပဲ သိပါတယ်၊ အခုကဲ့သို့ ခဏ ခဏ သေနေတာကို မသိပါဘူး (မသိပါဘူး ဘုရား)။

ကောင်းပြီ-ဒါဖြင့် ကိုယ်ပေါ်မှာပဲ လေကလေး၊ ဘာကလေးတိုက်လို့ချမ်းသာတယ်၊ ချမ်းသာတဲ့စိတ်ကလေးကော မပေါ်ကြဘူးလား (ပေါ်ပါတယ်ဘုရား)။

အဲဒီ ပေါ်တာကလေးကိုလည်း ပေါ်နေတုန်းကိုတွေး၊ ဒီကနေပြီးသကာလ တွေးတာပေ့ါ။ ချမ်းသာတဲ့စိတ်ကလေး ရှိသေးသလား မရှိဘူးလားလို့ (မရှိပါဘူးဘုရား)၊ မရှိတာက (အနိစ္စပါ) သိတာက (မဂ္ဂပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မဂ်ရတယ်ဆိုတာ သူများပေးတဲ့ မဂ်လား၊ ကိုယ့်အသေ ကိုယ်မြင်တာကို မဂ်ခေါ်တာလား . . . (ကိုယ့်အသေ ကိုယ်မြင်တာကို မဂ်ခေါ်ပါတယ်ဘုရား)၊ ကိုယ်ခဏ ခဏသေနေတာ၊ ကိုယ့်ဉာဏ်နဲ့ ကိုယ့်အသေ ကိုယ်မြင်တာ။

## ကိုယ့်ဒုက္ခကိုယ်သိတာ

အသေဆိုတာ ဘာသစ္စာဆိုတော့၊ ခြုံပြောလိုက်တော့ မရဏမ္ပိ ဒုက္ခံ။ အသေဆိုတာ ဒုက္ခသစ္စာ၊ ကိုယ့်ဒုက္ခကိုယ်သိတာ (မှန်ပါ)၊ သဘောကျပလား . . . (ကျပါပြီ)။

ကိုယ့်အသေ ကိုယ်သိတယ်ဆိုတာလည်း ဟုတ်တာပဲ၊ ကိုယ့်ဒုက္ခကိုယ်သိတယ်ဆိုတာလည်း (ဟုတ်ပါတယ်)။

ဒါဖြင့် အပြင်ဘက်က သေတဲ့တရားဟာ ဘယ်နှစ်ခုပါလိမ့် (ခြောက်ခုပါဘုရား)၊ အဲဒါ အပြင်ဧည့်သည် ခြောက်ခု. . . (မှန်ပါ)၊ ဧည့်သည်ဆိုတာ ခဏပေါ် ခဏချုပ်ရတာကိုးဗျ (မှန်ပါ)၊ ဒါကြောင့် ဒါကိုလည်းရှုရမည့် တရားလို့ မှတ်လိုက်စမ်းပါ. . . (မှန်ပါ)၊ ဒါ့ဖြင့် အပြင်ဧည့်သည် စိတ်ခြောက်ပါး။

## အတွင်းညှော်သည်စိတ်

အတွင်းညှော်သည်စိတ်ကို တစ်ခါပြပါမယ်၊ အတွင်းညှော် သည်ဆိုတော့ အတွင်းမှာလည်း ပေါ်တယ်၊ ညှော်သည် အဖြစ်နဲ့ လည်း သူ့ကိုရှိတဲ့တရားလို့မှတ်ပါ။ အမြဲလိုလို မရှိနိုင်ဘူး (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာကြီးမှာဖြစ်စေ၊ ဦးသန်းမောင်မှာ ဖြစ်စေ၊ ဦးဗထွေးမှာဖြစ်စေ၊ တစ်ခါတလေကျတော့ ဘာကလေး ရချင်တယ်ဆိုတဲ့ လောဘ ပေါ်လာတယ် (မှန်ပါ)၊ ပေါ်ရင်တွေး ပါ၊ တွေးတဲ့စိတ် နောက်က အမြဲလိုက်ပါ . . . (မှန်ပါ)၊ တွေးလိုက်တော့ ရှိသေးသလား (မရှိတော့ပါဘူး)၊ အင်း- တွေးတဲ့စိတ်နဲ့ ခင်ဗျားတို့နေတာပဲ၊ ဟိုဟာ ချုပ်သွားပြီ (မှန်ပါ)၊ ဒါဖြင့် မရှိတာ ဘာခေါ်မယ် (အနိစ္စပါ)၊ တွေးလို့သိတာက (မဂ္ဂပါ)။

## လောဘစိတ်

ဒါလည်း လောဘစိတ်ကလေး၊ မိမိစိတ်ကလေးကို မိမိ သေတာပဲမှတ် (မှန်ပါ)၊ ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ကိုယ့်အသေဆိုတာ ဒုက္ခလား သုခလား (ဒုက္ခပါဘုရား)၊ ဒါဖြင့် ကိုယ့်ဒုက္ခ ကိုယ်သိတယ် (မှန်ပါ)။

သူ့ကို မသေပါနဲ့လို့ တောင့်တလို့ ရရဲ့လား . . . (မရပါဘူး)၊ မရတော့ ကိုယ့်အနတ္တ ကိုယ်သိတယ် (မှန်ပါ)၊ သူများဟာ သိနေတာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် သိနေတယ်. . . (မှန်ပါ)။

## ဒေါသစိတ်

ကဲ တစ်ခါတလေ ကျတော့ လင်နဲ့မယား သားနဲ့အမိ ဆိုသလို မကျေနပ်ပွဲကလေးများ ဖြစ်နေတဲ့အခါ၊ ဒေါသဖြစ်တဲ့အခါ ရှိတယ် (မှန်ပါ)၊ အဲဒါကလေးကို ဦးမာဒင်တို့က ပေါ်လာရင် တွေးပါလို့ ဘုန်းကြီးက သင်ပေးထားတော့ တွေးလိုက်တော့ ခုနင်ကပြောသလို တွေးစိတ် လာရင်ပဲ ဒေါသက ချုပ်သွားပြီ (မှန်ပါ)။

ဒါဖြင့် ချုပ်ပြီးတဲ့ ဒေါသက ဘာတုံး (အနိစ္စပါ)၊ သိတာက (မဂ္ဂပါဘုရား)။

ဒါဖြင့် ဒေါသချုပ် ပျောက်သွားတာကိုလည်း သိလိုက်တဲ့ အတွက် မဂ်ရတယ်လို့ ဆိုသောကြောင့် အနိစ္စလို့ သိတာပဲ၊ ဒါကလေးဟာ ကိုယ့်အသေဆိုတဲ့ သဘောဟာ ဒုက္ခလား၊ သုခလား . . . (ဒုက္ခပါဘုရား)၊ ဒါဖြင့် ကိုယ့်ဒုက္ခ ကိုယ်သိတာ. . . (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

ဒါကလေးဟာ မပေါ်ပါစေနဲ့၊ မပျက်ပါစေနဲ့လို့ ခင်ဗျားတို့ တောင့်တ၊ ကြောင့်ကျလို့ ရရဲ့လား (မရပါဘုရား)၊ မရသော

ကြောင့် ကိုယ့်အနတ္တ ကိုယ်သိတယ်. . . (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

## မောဟာစိတ်

ကောင်းပြီ၊ ဒါဖြင့် တစ်ခါတလေကျတော့ မောဟ ပေါ်တယ်၊ ဝိစိကိစ္ဆာဆိုတာ မောဟပဲ၊ ဥဒ္ဓစ္စဆိုတဲ့ ပျံ့လွင့်တာ လည်း မောဟပဲ၊ နှစ်မျိုးရှိတယ် (မှန်ပါ)။

အဲဒါကလေးကို တစ်ခါ ဒကာ ဒကာမတွေက မောဟ ကလေး ဖြစ်တယ်ဆို ဆရာဘုန်းကြီးက မှာထားတယ်၊ ပေါ်တဲ့ စိတ်ကို သိအောင်လုပ်ရမယ်၊ သိအောင် လုပ်ရမယ်ဆိုတာ ကိုယ့်အသေကိုယ်သိအောင်လုပ်ရမယ်၊ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒီ ဝိစိကိစ္ဆာ ဖြစ်နေတယ်၊ အဲဒါကို ဦးဗထွေးက ဖြစ်စေ၊ ဦးသန်းမောင်က ဖြစ်စေပြန်ရှုလိုက်၊ ရှုလိုက်တော့ ရှိသေး ရဲ့လား (မရှိပါဘူး)၊ မရှိတာကို ဘာခေါ်မယ် (အနိစ္စပါ)၊ မရှိတဲ့ တရားကလေးက အနိစ္စ၊ သိတဲ့တရားကလေးက ဘာခေါ်မယ် (မဂ္ဂပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒါကလေးဟာ ဖြစ်ပြီးပျက်တဲ့ သဘောပဲရှိနေသောကြောင့် ကိုယ်သေတဲ့ ဒုက္ခပဲ (မှန်ပါ)။

ဒါဖြင့် ဒုက္ခလည်း သိတာပေါ့ (မှန်ပါ)၊ အနတ္တကိုကော (သိပါတယ်ဘုရား)၊ အဲဒါ အတွင်းဉာဉ့်သည်စိတ် သုံးယောက်၊ မကုန်သေးပါဘူး၊ ရှိသေးတယ် (မှန်ပါ)။

## လျှာချင်တန်းချင်တဲ့စိတ်

တစ်ခါတလေကျတော့ ဦးသန်းမောင်တို့ ဦးဗထွေးတို့က လျှာချင် တန်းချင် ပေးချင် ကမ်းချင်တဲ့စိတ်ကလည်း ချင်ဗျားတို့က ပေါ်သေးတယ် (မှန်ပါ)၊ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား) ပေါ်တော့ ဒီဥစ္စာကို လျှာချင် တန်းချင် ပေးချင် ကမ်းချင်တဲ့စိတ် ကို ပြန်, ပြန်တွေးပါ။ ရှိ-မရှိ ပြန်, ပြန်တွေးရမယ် (မှန်ပါ)။

တွေးတော့ ဘယ့်နှယ်နေကြသလဲ (မရှိပါဘူး)၊ တွေးစိတ် ကလေးပေ့ါဗျာ၊ ဟိုစိတ်က ခံနေပါဦးမလား (မခံပါဘူး)၊ နှစ်စိတ်မှ မပေါ်ကောင်းဘဲ (မှန်ပါ)၊ တွေးစိတ်လာရင် လျှာချင် တန်းချင်တဲ့ စိတ်ကသေပြီ (မှန်ပါ-သေပါပြီ)၊ သူက ရှေးကျတယ် (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် လျှာချင် တန်းချင်တဲ့စိတ်ကို ဘာခေါ်ကြမယ်. . . (အနိစ္စပါဘုရား)၊ ရှိ-မရှိတွေးတဲ့စိတ်ကကော (မဂ္ဂပါဘုရား)၊ တွေးတဲ့စိတ်ကမဂ္ဂ၊ ဒါဟာဝိပဿနာလုပ်နေတာနော် (မှန်ပါ)။

ဒါဖြင့် အနိစ္စ+မဂ္ဂ (မှန်ပါ)၊ ခါတိုင်းပေါ်သလား. . . ညည့်သည် သဘော တစ်ခါတရံပေါ်သလား (ညည့်သည်သဘော ပေါ်ပါတယ်ဘုရား)။

## မေတ္တာစိတ်

ကဲ - တစ်ခါ သွားပါဦး။ အဒေါသတဲ့၊ သူတစ်ပါးကို မေတ္တာပို့တယ်၊ ကျန်းမာပါစေ, ချမ်းသာပါစေ။ ဟာ. . . ထား လိုက်ပါဦးမယ်၊ ဒါက မေတ္တာပေါ့ (မှန်ပါ)။

ဒီအမှိုက်ကလေး ဖယ်ပေးလိုက်ပါဦးမယ်၊ လူတွေ စူးကုန် ပါဦးမယ်၊ ဒါတွေဟာ မေတ္တာပေါ့ (မှန်ပါ)။

## စိတ်နောက်ကအတွေးလိုက်ပါ

ဒီစိတ်ကလေး ပေါ်တိုင်း ပေါ်တိုင်းလည်း နောက်က အတွေးလိုက်ပါ (မှန်ပါ)၊ အတွေးလိုက်တဲ့အခါကျတော့ ခုနင်က မေတ္တာစိတ် ရှိသေးရဲ့လား (မရှိပါဘူး)၊ ဒါဖြင့် မရှိတာ ဘာခေါ် မယ် (အနိစ္စပါ)၊ တွေးတာက (မဂ္ဂပါဘုရား)။

အမောဟဆိုတာကတော့ ဒကာ ဒကာမတွေ အရှုဘက် ကထားတဲ့အတွက် သူ့ကိုခင်ဗျားတို့က ထည့်မပြောတော့ဘူး၊ အရှုခံတရားနဲ့၊ အရှုဉာဏ်တရားနဲ့ ရှုပ်ထွေးနေမှာစိုးလို့ (မှန်ပါ)။

ဒါ့ကြောင့် အတွင်းကျတဲ့ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အဲဒါ ဝမ်းထဲမှာပေါ်လို့ အတွင်းညှော့သည် ငါးယောက် (မှန်ပါ)၊ အပြင်ခြောက်၊ အတွင်းငါး . . . မှတ်ထားကြပါ (မှန်ပါ)။

## သက်စောင့်စိတ်

ဒါလည်း တစ်ခါသွားဦး။ ဒကာ ဒကာမတွေမှာ သက်စောင့်ဆိုတဲ့ခန္ဓာကိုယ်ကြီး မပုပ်မသိုးအောင် စောင့်တဲ့ စိတ်ကလေး နှစ်ခုရှိတယ်၊ ခန္ဓာကိုယ်ကြီးကို သုသာန် မပို့ရအောင် လို့ စောင့်နေတဲ့ စိတ်ကလေးနှစ်ခုရှိတယ်။ ခင်ဗျားတို့ မပုပ်မသိုး အောင် အလှည့်နဲ့ စောင့်နေတာ (မှန်ပါ)။

လောကီဥပမာ ပြောကြပါစို့ဆိုတော့ ဂိုဒေါင် တစ်ခုကို ဒရဝမ်တွေသည် ညဂျူတီ၊ နေ့ဂျူတီ ကျသလို အလှည့်နဲ့စောင့် နေတာ၊ ပစ္စည်းမပျောက်အောင်လို့ (မှန်ပါ)။

## ရှူစိတ်၊ ရှိုက်စိတ်

ထို့အတူပဲ ခန္ဓာကိုယ်ထဲမှာ ရှူစိတ်ကလေးကလည်း ခင်ဗျားတို့ မပုပ်မသိုးအောင် စောင့်နေတယ်၊ ရှိုက်စိတ်ကလေး ကကော (မပုပ်မသိုးအောင် စောင့်တယ်)၊ ဒါဖြင့် သူတို့ကို အိမ်သည်နှစ်ယောက်လို့ မှတ်လိုက်ကြစမ်းပါ (မှန်ပါ)၊ အိမ်သည် နှစ်ယောက်ဆိုတာ ခန္ဓာအိမ်ကို စောင့်နေတာ (မှန်ပါ)။

ခန္ဓာအိမ်ကို စောင့်နေတဲ့စိတ်ဆိုတော့ သူတို့လည်း တစ်လှည့်စီဖြစ်လိုက်ပျက်လိုက်နေတော့ သူဖြစ်တာကို ဒီ ဒကာ ဒကာမတွေ နောက်က အသိလိုက်ပေးပါ (မှန်ပါ)၊ သူဖြစ်တာ ကိုလည်း အသိလိုက်၊ သူပျက်တာကိုကော (အသိလိုက်ပေးရ

ပါမယ်)၊ အသိလိုက်ပေးတဲ့အခါကျတော့ သူတို့က အနိစ္စ သူက မဂ္ဂ (မှန်ပါ)။

အဲဒီတော့ ဒီဥစ္စာကို အိမ်ကျတော့ ပုံကလေးချရေးထားထား၊ ယခုဝမ်းထဲမှာပဲ မှတ်ထားထား ဒီဟာတွေ တစ်ခုခုမရှိဘဲနဲ့ ခင်ဗျားတို့ မနေနိုင်ဘူး (မှန်ပါ)၊ ဒီစိတ်တွေ တစ်ခုခု မရှိဘဲနဲ့တော့ (မနေနိုင်ပါဘူး)။

ခင်ဗျားတို့ အသက်ရှင်နေတာသည် ဒီစိတ်တွေထဲက တစ်ခုခုနဲ့ ရှင်နေတာ (မှန်ပါ)၊ သို့သော် အများဆုံး အသက်ရှင်နေတာကတော့ သူတို့နှစ်ခုပဲ (မှန်ပါ)၊ အလှည့်ကျ အသက်ရှင်နေတာ သူနဲ့လည်း ရှင်ချင်ရှင်တယ်၊ သူနဲ့လည်း ရှင်ချင်ရှင်တယ် . . . ဒါ သက်စောင့်စိတ်တွေ (မှန်ပါ)။

## ဆယ့်သုံးခုကိုရှုပါ

ဘယ်နှစ်ခုရှိသွားပါလိမ့် . . . (ဆယ့်သုံးခုပါ)၊ အပြင်ညှိသည် (ခြောက်ခုပါ)၊ အတွင်းညှိသည် (ငါးခု)၊ အိမ်သည် (နှစ်ခုပါ)၊ ဒါပဲရှုပါတဲ့၊ ပုထုဇဉ်မှာ ဒါတွေပဲရှိနိုင်ပါတယ်၊ ဒါ ဘယ်သူ့ စိတ်တွေတုံးမေးရင် ကိုယ့်သန္တာန်ပေါ် ကောင်းတဲ့စိတ် (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ် (ကိုယ့်သန္တာန် ပေါ် ကောင်းတဲ့စိတ်ပါ)၊ ကိုယ့်သန္တာန်ပေါ် ကောင်းတဲ့စိတ်ဟာလည်း နှစ်ခုပြူး, သုံးခု

ပြူး, နှစ်ခုပေါင်း, သုံးခုပေါင်း ဒီလို ဘယ်တော့မှ မပေါ်ဘူး၊ တစ်စိတ်စီပဲ ပေါ်မယ်၊ ပေါ်ချင်တဲ့စိတ်ပေါ်မယ်. . . (မှန်ပါ)။

## ပေါ်တဲ့စိတ်ကို၊ နောက်ကအမြဲတွေးပါ

ပေါ်တာကို ဒကာ ဒကာမတွေက နောက်က အမြဲတမ်း တွေးပါ။ ရှိသေးသလား၊ မရှိတော့ဘူးလား အမြဲတမ်းတွေးပါ၊ ပေါ်ပြီးရင် သူက ပျက်ရမည့်တရားပဲ (မှန်ပါ)၊ ပျက်ရမည့်တရား ဖြစ်သောကြောင့် မရှိတာက အနိစ္စ၊ မရှိမှန်းသိရင် မဂ်ဖြစ်နေတာ ပဲ (မှန်ပါ)၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

ဒါဖြင့် ပြန်ပြောကြပါဦး၊ အပြင် ဧည့်သည် ဘယ်နှစ်ယောက် ရှုရမှာတုံး (ခြောက်ယောက်ပါဘုရား)၊ ခြောက်ယောက် ဟာလည်း တစ်ယောက်စီသာ ပေါ်တယ်နော် (မှန်ပါ)၊ အတွင်း ဧည့်သည်က ဘယ်နှစ်ယောက်ပါလိမ့် (ငါးယောက်ပါဘုရား)၊ ငါးယောက်ကလည်း ငါးယောက်စလုံးပြိုင်ပေါ်သလား (မပေါ် ပါဘူး)၊ တစ်ခုစီပဲပေါ်တယ် (မှန်ပါ)၊ အိမ်သည်နှစ်ခုကလည်း ဒကာ ဒကာမတို့ပြိုင်ပေါ်သလား (မပေါ်ပါဘူး) တစ်ခုစီပဲပေါ် တယ်။

ဒါဖြင့် ဒီဆယ့်သုံးခုထဲက တစ်ခုပေါ်နေရင် ကျန်တဲ့စိတ် တွေမပေါ်ဘူး (မှန်ပါ)၊ ဘယ်တစ်ခုခုပဲပေါ်ပေါ် ကျန်တဲ့စိတ်တွေ ကတော့ မပေါ်နိုင်ဘူး (မှန်ပါ)။

## မင်္ဂရချင်ရင်ဒီလိုတွေးနေပါ

ဪ. . . ဒါဖြင့် ဒို့ဟာ တစ်ခုပေါ်တိုင်းပေါ်တိုင်း နောက်ကနေပြီး တာကို ရှိ မရှိ တွေးဖို့ပဲ၊ တစ်ခုပေါ်ရင် ရှိ မရှိ တွေးပါ (မှန်ပါ)၊ တွေးတိုင်း တွေးတိုင်း မရှိတာဘဲတွေ့ရတယ် (မှန်ပါ)၊ အဲ-မရှိတာကို ဘာခေါ်မယ် (အနိစ္စ)၊ နောက်က မရှိတာ မှန်းသိတာက (မဂ္ဂပါဘုရား)၊ မဂ် ရချင်လို့ရှိရင် ဒီလိုတွေးနေရင် ပုဗ္ဗဘာဂမဂ်ကစပြီးရတာဘဲ (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)။

မဂ်ရချင်ရင် ဒီအတိုင်းတွေးပါ. . . (မှန်ပါ)၊ မဂ်ရချင်ရင် ဒီအတိုင်းတွေးပါလို့ သတိပေးလိုက်တယ်. . . (မှန်ပါ)။

## ဒီလိုတွေးတော့ ဘာဖြစ်သတုံး

ကောင်းပြီ၊ ဒီလိုတွေးတော့ ဘုရား ဘာဖြစ်သတုံးလို့ မေးတဲ့အခါကျတော့ သက္ကာယဒိဋ္ဌိလည်းပြုတ်ပါတယ်။ ဥစ္ဆေဒ ဒိဋ္ဌိလည်းပြုတ်ပါတယ်. . . (မှန်ပါ)၊ ဒိဋ္ဌိသုံးပါး ပြုတ်နိုင်သော ကြောင့် ခင်ဗျားတို့ ဒီအသိကိုလုပ်နေလို့ရှိရင် အပါယ်မကျနိုင်ဘူး . . . (မှန်ပါ)။

## ဒီအသိကိုလုပ်နေရင် အပါယ်မကျနိုင်ဘူး

ဒီအသိ လုပ်နေလို့ရှိရင် (အပါယ်မကျနိုင်ပါဘူး)၊ ဒိဋ္ဌိ သုံးမျိုးကမှ အပါယ်ချတာ. . . (မှန်ပါ)။

ဒိဋ္ဌိသုံးမျိုး တစ်မျိုးမျိုးကမှ အပယ်ချတာ။ အခု သူတို့က ပျက်သွားခြင်းကြောင့် ငါမဟုတ်လို့ပျက်တာပဲ။ မခိုင်မြဲလို့ ပျက်တာပဲ. . . (မှန်ပါ)။

ငါမဟုတ်လို့ပျက်တာပဲဆိုကတည်းက သက္ကာယကွာပြီ . . . (မှန်ပါ)၊ မခိုင်မြဲလို့ဆိုကတည်းက သဿတဒိဋ္ဌိကွာပြီ. . . (မှန်ပါ)၊ ပျက်သွားပေမယ့် နောက် ဓမ္မတစ်ခုပေါ်ပြန်တယ် သိပြန်တော့၊ ဪ. . . ခန္ဓာကိုယ်ထဲမှာ မပြတ်ဖြစ်နေတာကိုးဆိုသဖြင့် လည်း ဥစ္ဆေဒဒိဋ္ဌိ စင်သွားပြီ. . . (မှန်ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ငရဲမျိုးစေ့ကို ဒီဉာဏ်ကနှင်ထုတ်တယ်

ဒါဖြင့် ဘုရားဟောတဲ့အတိုင်း ဆရာဘုန်းကြီးက ဒီလို စိတ္တာနုပဿနာကို အရှုခိုင်းနေခြင်းသည် ခင်ဗျားတို့အပါယ်သွားစေတတ်တဲ့ ငရဲမျိုးစေ့ကို ဟောဒီဉာဏ်က နှင်ထုတ်နေတာလို့ မှတ်ပါ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒီလို နောက်က လိုက် လိုက်ပြီးသိပေးနေတဲ့ အသိဉာဏ်သည် ဘာကျေးဇူးများသတုံးဆိုတော့၊ ဒိဋ္ဌိသုံးပါးကို ခြောက်ခန်းစေတယ်၊ ဒိဋ္ဌိသုံးပါးကို ချုပ်စေတယ်. . . (မှန်ပါ)၊ သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ သုံးပါးကို မရှိအောင်လုပ်တယ်. . . (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့မှာ ဒီဒိဋ္ဌိတွေပယ်နိုင်ရင် အပါယ်လေးပါး ကျစရာ အကြောင်းလုံးဝမရှိဘူးလို့မှတ်။ ဒါသာ လုပ်နေပါ . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## လုပ်ပါများလို့ညာဏ်ရင့်လာရင် နိဗ္ဗာန်ရောက်တယ်

ဒီဟာလုပ်နေလို့ရှိရင် ဦးဗထွေးတို့ဖြစ်စေ၊ ဦးသန်းမောင်တို့ဖြစ်စေ ဘာဖြစ်သတုံးလို့မေးရင်၊ တပည့်တော်တို့ ဒီဟာသာ လုပ်နေလို့ရှိရင် အပါယ်လွတ်ပြီဘုရား. . . (မှန်ပါ)၊ နို့-လုပ်ပါများ ယောလို့ ညာဏ်ရင့်လာရင် နိဗ္ဗာန်ရောက်သည်လာလိမ့်ဦးမယ်. . . (မှန်ပါ)၊ ဒီနေ့တော့ အပါယ်ကျလွတ်ရုံပဲပြောမယ်. . . (မှန်ပါ)။

နက်ဖြန်သန်ဘက်ကျလို့ရှိရင် ဒီဟာနဲ့ နိဗ္ဗာန်ရောက်တာ ပြောပြဦးမယ်. . . (မှန်ပါ)။

အခု ဒီနေ့သိတဲ့အသိမျိုးသိ၊ သုံးရက်မှာသိတဲ့ အသိမျိုး ကတော့ အပါယ်တံခါးပိတ်ရုံပဲရှိပါတယ်. . . (မှန်ပါ)။

## အပါယ်တံခါး ဘယ်လိုများပိတ်သွားပါလိမ့်

ဒါကလေး ရှင်းပြပါဦးမယ်တဲ့။ အပါယ်တံခါးပိတ်တာ ဘယ်လိုများပိတ်သွားပါလိမ့်မတုံး ဆိုတော့ အခုမြင်တယ်သိ၊ ကြားတယ်သိ၊ နံတယ်သိတယ်၊ စားတယ်သိတယ်၊ ယားတယ် ယံတယ် သိတယ်၊ ကောင်းတာကိုလည်း. . . (သိပါတယ်)။

အသိက နောက်ကချည်း ပိတ်,ပိတ်ထား၊ မပိတ်ဘူးလား . . . (ပိတ်ပါတယ်ဘုရား)၊ ရှေ့က ဓမ္မတစ်ခုပေါ် လိုက်၊ နောက်က အသိလိုက်,လိုက်၊ ရှေ့ကဓမ္မတစ်ခုပေါ် လိုက်, နောက်က အသိလိုက်,လိုက်ဆိုတော့ ဒီအသိသည်ကားလို့ဆိုရင် ဖြစ်ပျက်ကိုသိတာလို့မှတ်ကြပါ. . . (မှန်ပါ)။

ဒီအသိဟာ ဘာပါလိမ့်. . . (ဖြစ်ပျက်ကိုသိတာပါ)၊ ဒါဖြင့် တရားတွေဟာ ဖြစ်လည်းဖြစ်လို့ ရှိ မရှိတွေးလိုက်တော့ ပျက်တာသိတယ်. . . (မှန်ပါ)၊ ဖြစ်ပြီးမှ ပျက်သွားတာကိုးလို့ ဒီက မသိဘူးလား. . . (သိပါတယ်ဘုရား)။

## အသိဆိုတာဖြစ်ပျက်သိတာ

ဒါဖြင့် ဘာသိတာတုံး. . . (ဖြစ်ပြီးပျက်တာသိပါတယ်)၊ ဖြစ်ပျက်ကိုသိတယ်၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဖြစ်ပျက်နောက်က အသိလိုက်တဲ့ အတွက် ခင်ဗျားတို့စဉ်းစားကြည့်ပါ။ ဥပမာ. . . မြင်စိတ်ကလေး ဖြစ်တယ်၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့၊ ဦးဗထွေးတို့ကို ရှိ မရှိတွေးလို့မပြောဘူးလား. . . (ပြောပါတယ်ဘုရား)၊ ခင်ဗျားတို့က မတွေးမိဘူး၊ မတွေးမိတော့ ဘာဖြစ်မတုံး၊ မတွေးမိတော့ မြင်တယ်၊ လိုချင်တယ် လိုက်လာတယ်. . . (မှန်ပါ)၊ တဏှာလိုက်တယ်။

မြင်တယ်၊ မြင်တဲ့စိတ်ကို ခင်ဗျားတို့က နောက်ကတွေးလုံးမလာဘူး၊ မလာတော့ လိုချင်တယ် ဖြစ်လာတယ်၊ မလာပေဘူးလား. . . (လာပါတယ်)၊ လိုချင်ရင်ဖြင့် စွဲလမ်းတယ်ဆိုတဲ့ ဥပါဒါန်ကကော. . . (လာပါတယ်ဘုရား)၊ မရ မနေဘူးဆိုတာလာရမှာပဲ။ ဒီတော့ မရ ရကြောင်းအားထုတ်မယ်ဆိုတဲ့ ကံကကော. . . (လာပါတယ်)၊ ဒါဖြင့် တဏှာ, ဥပါဒါန်, ကံ လိုက်တယ်. . . (မှန်ပါ)။

## အသိမလိုက်လို့ရှိရင်

မြင်တဲ့စိတ်ကလေးကို ခင်ဗျားတို့က ရှိ မရှိ မတွေးမိတဲ့အတွက် ထုံးစံအတိုင်း နေလိုက်တဲ့အတွက် မြင်တဲ့စိတ်နောက်ကလိုချင်တဲ့စိတ်လိုက်တယ်. . . (မှန်ပါ)၊ စွဲလန်းတဲ့ဥပါဒါန်ကောမလိုက်ဘူးလား. . . (လိုက်ပါတယ်)။

တဏှာ ပစ္စယာ, ဥပါဒါနံ။ ဥပါဒါန ပစ္စယာ ကမ္မဘဝေါဆိုတော့ ကံကောမလိုက်ဘူးလား. . . (လိုက်ပါတယ်ဘုရား)။ ဒါဖြင့် သေသည်၏အခြားမဲ့၌ ကမ္မဘဝ ပစ္စယာဇာတိဆိုတဲ့ ဒုက္ခသစ္စာတွေ အကုန်လိုက်တယ်. . . (မှန်ပါ)။

ဒါ ဘယ့်နှယ်ကြောင့် ဒါကြီး တန်းလာပါလိမ့်မတုံးဆိုလို့ရှိရင် ဦးသန်းမောင်တို့ ရိပ်မိပလား. . . (မှန်ပါ)၊ ဘယ်လိုကြောင့် တန်းလာတာတုံး. . . (မတွေးမိလို့ တန်းလာတာပါ)၊

ဒါကလေးကို ခင်ဗျားတို့ ဘုန်းကြီးသင်ထားတာကလေး မေ့ပစ်လိုက်တယ်. . . (မှန်ပါ)၊ ဒါကလေး ဒီကြားသွင်းတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

မြင်တဲ့စိတ်ကလေးဖြစ်ပြီးပျက်သွားတာကလေးကို ဒီအသိကလေးမလိုက် လိုက်လို့၊ ခင်ဗျားတို့မှာ ဒါတွေက ထုံးစံအတိုင်း တန်းပြီးတော့ ဟိုဘဝ အပါယ်ဇာတိထိအောင် ကျေးဇူးပြုပစ်လိုက်တယ်. . . (မှန်ပါ)၊ ဘယ်လောက်ကြောက်စရာကောင်းသတုံး. . . (ကောင်းပါတယ်ဘုရား)။

## ဒီအသိသည် ကယ်တင်တဲ့အလုပ်

ဒါဖြင့် ဒီအသိကလေးသည် ခင်ဗျားတို့အား ကယ်တင်တဲ့အလုပ်ပဲ. . . (မှန်ပါ)၊ ကယ်တင်တဲ့အသိကို ခင်ဗျားတို့က ဂရုစိုက်ပြီးမထားကြလို့ရှိရင်တော့ ဒီလမ်းအတိုင်း သွားမှာပဲ. . . (မှန်ပါ)။

မြင်တယ်၊ မြင်ရင်လိုချင်မှာပဲ. . . (မှန်ပါ)၊ လိုချင်ရင် စွဲလမ်းမှာပဲ၊ စွဲလမ်းရင် အားထုတ်မှာပဲ၊ တဏှာ ဥပါဒါန်ကမ္မ လာမှာပဲ. . . (မှန်ပါ)၊ ကမ္မဘဝပစ္စယာ. . . (ဇာတိပါဘုရား)၊ သေသည်၏အခြားမဲ့၌ ဇာတိရမယ်. . . (မှန်ပါ)။

ဒါဟာ ဦးဗထွေးတို့ ဦးသန်းမောင်တို့မြင်တဲ့နောက်က ဘာမလုပ်မိလို့ ဒါတွေ တန်းရတယ်ဆိုတာကော ရိပ်မိပလား. . .

(ရိုပ်မိပါပြီ)၊ ဘာဖြစ်လို့တုံး. . . (အသိ မလိုက်လို့ပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## မြင်တယ်ဆိုရင် အသိလိုက်ပေးပါ

ကဲ. . . ဒါဖြင့် ခင်ဗျားတို့အပါယ်လည်းကြောက်တဲ့ ပုဂ္ဂိုလ်တွေမဟုတ်လား. . . (မှန်ပါ)၊ ဒီတော့ သူမလာနိုင်အောင် မြင်တယ်ဆိုရင် အသိလိုက်ပေးပါ. . . (မှန်ပါ)၊ အသိလိုက်တော့ ဒီဥစ္စာကလေးဟာ မရှိတာ မသိပေဘူးလား. . . (သိပါတယ်)၊ သိတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ ဆိုတော့ ဒါတွေအကုန် ဖြတ်ပစ်လိုက်တယ်. . . (မှန်ပါ)၊ မဂ်သည် ကိလေသာနဲ့ကံကို ဖြတ်တယ်. . . (မှန်ပါ)။

ကဲ. . . ဒါဖြင့် ဒီနေ့ တရားတိုးပေးတာကိုလည်း သတိ ထားလိုက်ပါ၊ ဟောဒီနှစ်ခုက မဂ်လိုက်တဲ့အတွက် တဏှာ ဥပါဒါန် လာသေးရဲ့လား. . . (မလာပါဘူး)၊ ဒီကံကော. . . (မလာပါဘူး)၊ ဒီအကျိုးပေးကော. . . (မလာပါဘူး)၊ ဒါဖြင့် ဟောဒီနှစ်ခုက ကိလေသဝဋ်၊ ဒါက ကမ္မဝဋ်၊ ဒါက ဝိပါကဝဋ်၊ ဝဋ်သုံးပါးကျွတ်မယ်. . . (မှန်ပါ)။

## အသိလိုက်ပေးရင် ဝဋ်ကျွတ်ပါတယ်

အသိလိုက်, လိုက်တာ ဘာဖြစ်သတုံး. . . (ဝဋ်သုံးပါး ကျွတ်ပါတယ်)၊ ခင်ဗျားတို့ ဆုတောင်းရဲ့ တောင်းနေလို့ သူက

ကျွတ်ကဲ့လား. . . (မကျွတ်ပါဘူး)၊ အခု မြင်တဲ့စိတ် နောက်က နေပြီး မြင်တဲ့စိတ်ကို မရှိမှန်းသိတဲ့ မဂ်ကလေး လိုက်,လိုက်တော့ အနိစ္စ-မဂ္ဂလို့ လုပ်နေတဲ့အတွက် ပဋိစ္စသမုပ္ပါဒ် ထုံးစံအတိုင်း လာမည့် ကိလေသာနှစ်ခုလည်း ချုပ်ရတယ်. . . (မှန်ပါ)၊ ကံ ကော. . . (ချုပ်ရပါတယ်ဘုရား)၊ အကျိုးပေးကော. . . (ချုပ်ရပါ တယ်ဘုရား)။

ဒါဖြင့်ကိလေသဝဋ်လည်း. . . (ကျွတ်ပါတယ်ဘုရား)၊ ကမ္မဝဋ်လည်း. . . (ကျွတ်ပါတယ်)၊ ဝိပါကဝဋ်လည်း. . . (ကျွတ် ပါတယ်ဘုရား)။

## မဂ်ကဖြတ်လိုက်လို့ဝဋ်ကျွတ်သွားတာ

ဝဋ်သုံးပါး ကျွတ်သွားတာ ဦးမာဒင်တို့၊ ဦးဗထွေးတို့ ဦးသန်းမောင်တို့ ဘာဖြစ်လို့ ဝဋ်ကျွတ်သွားတာတုံး. . . (မဂ်လိုက် လို့ပါဘုရား)၊ မဂ်က ဖြတ်လိုက်လို့. . . (မှန်ပါ)။

မဂ်ကလည်း ခင်ဗျားတို့ဖြတ်ချင်လို့ဖြတ်တာလား၊ အပျက်ကိုသိလို့ မဂ်ပေါ်တာလား. . . (အပျက်ကိုသိလို့ မဂ်ပေါ် တာပါဘုရား)၊ အပျက်သိလို့ မဂ်ပေါ်တော့ ဒီမဂ် ဘာလုပ်သတုံး လို့ ခင်ဗျားတို့မေးကြည့်ဖို့ကောင်းတယ်. . . (မှန်ပါ)။

ဟောဒီ ကိလေသဝဋ်ကို ဖြတ်တယ်. . . (မှန်ပါ)၊ ဒီကမ္မ ဝဋ်ကိုကော. . . (ဖြတ်ပါတယ်)၊ ဒီ ဝိပါကဝဋ်ကော. . . (ဖြတ်ပါ

တယ်ဘုရား)၊ တဏှာ, ဥပါဒါန်က ကိလေသဝဋ်. . . (မှန်ပါ)၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ ဆိုတော့ ကမ္မဝဋ်. . . (မှန်ပါ)၊ ကမ္မ ဘဝပစ္စယာ ဇာတိ ဇရာ မရဏဆိုတာ ဝိပါကဝဋ်. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

## ကိုယ့်အသေကိုယ်သိအောင်လုပ်ရမယ်

ဒါဖြင့် ကိလေသဝဋ်ကော လာနိုင်ရဲ့လား. . . (မလာနိုင်ပါဘူး)၊ ကမ္မဝဋ်. . . (မလာနိုင်ပါဘူး)၊ ဝိပါကဝဋ်ကော. . . (မလာနိုင်ပါဘူး)၊ ဘာဖြစ်လို့ မလာတာတုံးဆိုတော့ ဟောဒီ ကိုယ့်အသေကိုယ်သိလို့ပါဘုရား. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဘာလုပ်ရမလဲ. . . (ကိုယ့်အသေ ကိုယ်သိအောင်လုပ်ရပါမယ်)။

## တရားအားထုတ်ကြပါနော်

ဒါဖြင့် ခင်ဗျားတို့ ဒီလိုလုပ်လိုက်ပါတဲ့။ အလုပ်ကို ထိုင်လည်း ထိုင်ကြပါနော်. . . (မှန်ပါ)၊ဒါ မြင်စိတ် ကြားစိတ် ခုနင်က ဟာလည်း ဆယ့်သုံးခုပြန်တန်းရမယ်. . . (မှန်ပါ)၊ ဒါ တန်းပြီး တော့ ခင်ဗျားတို့အပြင်ဧည့်သည်ခြောက်, အတွင်းဧည့်သည် ငါး, အိမ်သည် နှစ်။ ပေါ်တာ ဘယ်သူကပေါ်မယ်လို့ မဆိုနိုင်ဘူး၊ သူပေါ်ရာ တစ်ခုခုကပေါ်လိမ့်မယ်. . . (မှန်ပါ)၊ မပေါ်ပေဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## ပေါ်တဲ့ဆီလိုက်ပြီးမဂ္ဂင်နဲ့ရှုပါ

ပေါ်လို့ရှိရင်ဖြင့် ခင်ဗျားတို့က ပေါ်တဲ့ဆီကို လိုက်ရှု မဂ္ဂင်နဲ့. . . (မှန်ပါ)။

ကဲ. . . ဒါဖြင့် ရှေ့ပိုင်းက အပြင်ညည့်သည် အတွင်းညည့်သည်မပေါ်ဘူးဆိုရင်ဖြင့် ဒီနှစ်ခုလှည့်ပြီးရှုနေ. . . (မှန်ပါ)၊ ဒါတွေ ပေါ်လို့ရှိရင် ဒါ ဖြုတ်ပြီးပေါ်ရာကိုလိုက်. . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတွေ အတွင်းညည့်သည် ငါး, အပြင်ညည့်သည် ခြောက်၊ အဲဒါက ပေါ်လို့ရှိရင် အဲဒီ တစ်ခုစီလိုက်ပေး . . . (မှန်ပါ)၊ ပေါ်ရာတစ်ခုခုကို မဂ္ဂင်ကလိုက်ပေးပါ။ ဘာမှ လိုက်စရာမရှိလို့ရှိရင် ဒီနှစ်ခုလှည့်ပေး. . . (မှန်ပါ)၊ ဒါလည်း ဖြစ်ပျက်၊ ဒါလည်း ဖြစ်ပျက်လို့ မဂ္ဂင်နဲ့လိုက်. . . (မှန်ပါ)။

## ပင့်ကူလိုက်သလိုလိုက်ပေးပါ

ဒါဖြင့် ပင့်ကူလိုက်သလို လိုက်ပေးပါ. . . (မှန်ပါ)၊ ပင့်ကူ အိမ်ကြီးနှင့် ပင်ကူက အလယ်မှာစောင့်နေတယ်၊ ဘေးမှာ ခြင်ကောင် ယင်ကောင်မိတယ်ဆိုရင် သွားပြီးလိုက်တယ်၊ လိုက်ပြီးတော့ သူပြန်ထိုင်တယ် ပင်ကူက. . . (မှန်ပါ)၊ မထိုင်ဘူးလား . . . (ထိုင်ပါတယ်ဘုရား)။

## ထွက်တဲ့စိတ် ဝင်တဲ့စိတ်ကို ရှုပါ

ဒီအတိုင်းပဲ ခင်ဗျားတို့ ဒါကိုရှုပြီးတော့ ရှုစရာမရှိတော့ ဒီကိုပြန်ထိုင်၊ ထွက်စိတ် ဝင်စိတ်ကို ရှုပါ။ သဘောပါပလား. . . (ပါပါပြီ)၊ ဒီမင်ပေါ် လို့ရှိရင် ဒီမင်ဟာ ဘယ်လိုက်ရှုမတုံး. . . (ဒီဘက်ကို လိုက်ရှုရပါမယ်)။

ရှုစရာမရှိဘူး သူပြီးသွားရင် နောက်ထပ်မလာဘူးဆိုရင် ဒီကိုပြန်ထိုင်၊ သူတို့နှစ်ခုကတော့ အမြဲလိုလို မရှိပေဘူးလား. . . (ရှိပါတယ်)၊ သူတို့နှစ်ခုက သက်စောင့်ပဲ၊ သူများမရှိရင် သူတို့ရှိတယ်. . . (မှန်ပါ)။

ဒါဖြင့် ကိုယ်ရှုစရာ အတွင်းဧည့်သည်, အပြင်ဧည့်သည် ရှိရင် လိုက်ရှု ရှုစရာမရှိရင် သူတို့နှစ်ခုလှည့်ရှု. . . (မှန်ပါ)၊ ဦးသန်းမောင် နားချိန်ပါသေးရဲ့လား. . . (မပါပါဘူး)။

## စိတ်ကလေးဖြစ်ပြီးပျက်သွားပြီလို့သိပေးပါ

ဒိအပြင် ဧည့်သည်ငါးယောက်ကလည်း တစ်ယောက်ယောက်မလာဘူး၊ အတွင်းဧည့်သည်ငါးယောက်ကလည်း တစ်ယောက်ယောက်မလာဘူး၊ အပြင်ဧည့်သည် ခြောက်ယောက်ကလည်း တစ်ယောက်ယောက်မလာတော့ဘူးဆိုရင် သူတို့နှစ်ခုလှည့်ပြီး ရှုနေ၊ ရှုတဲ့စိတ်ကလေး ဖြစ်ပြီးတော့ ပျက်တာသိနော် . . . (မှန်ပါ)၊ ရှိုက်တဲ့စိတ်ကလေးလည်း ဖြစ်ပြီးပျက်သွားပြီလို့ သိ သိပေးပါ၊ မင်နဲ့ သိသိပေးပါ. . . (မှန်ပါ)။

တစ်ခါ ဒေါင်ခနဲဆို ဟိုကအသံတွေ ဘာတွေရိုက်လိုက်လို့ကြားစိတ်ကလေးပေါ်တယ်ဆို သူတို့ မရှိပြန်ဘူး၊ ကြားစိတ်ကလေးဖြစ်လာတယ်၊ အဲဒါကို မဂ္ဂင်က လိုက်ရှု. . . (မှန်ပါ)။

ဒါဖြင့် လိုက်တတ်ပလား. . . (လိုက်တက်ပါပြီ)၊ ဧည့်သည်ပေါ်ရင် ဧည့်သည်လိုက်၊ ဧည့်သည်မရှိရင် အိမ်သည်နှစ်ခုဆီမှာထိုင်ရှု. . . (မှန်ပါ)။

## ပေါ်ရာကိုဖြစ်ပျက်ရှုပေးပါ

ဧည့်သည်ပေါ်ရင် ဧည့်သည်ဆယ့်တစ်ယောက်ဆီကို လိုက်ပေးပါ၊ ဆယ့်တစ်ယောက်မှာ တစ်ယောက်ယောက်ပေါ်မှာပဲ၊ အဲ့ဒီကို ဖြစ်ပျက်လိုက်ရှုပါ၊ မရှိရင် ဘယ်မှာ ထိုင်မတုံး. . . (အိမ်သည်ဆီ ထိုင်ရပါမယ်)၊ ထိုင်နေရင်းမတ္တနဲ့ ဧည့်သည်က ပေါ်လာရင် ဘယ်လိုက်မတုံး. . . (ဧည့်သည်လိုက်ရပါမယ်)၊ ဧည့်သည်က မရှိပြန်ဘူးဆိုရင်. . . (အိမ်သည်လိုက်ရပါမယ်)၊ ဒီတော့ အားသေးရဲ့လား. . . (မအားပါဘူး)။

ဒီလိုရှုပါတဲ့၊ ဒါဟာ မိလိန္ဒပဉှာကလာတဲ့နည်းကို မှီးပြီး ပြောတာ. . . (မှန်ပါ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

တဲ. . . ယနေ့ ဒီတွင် နားကြဦးစို့။

သာဓု သာဓု သာဓု။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဝိပဿနာရှုဆိုတာ၊ ဘာကိုရှုရမှာတုံး (၂)

## (ယောဂီသစ်များအတွက်)

ဟောကြားသည့်နေ့ (၁၁-၁၀-၁၉၆၁)

စိတ္တာနုပဿနာဆိုတဲ့ဥစ္စာ စိတ္တက-စိတ်၊ အနုပဿနာက-သူ့ကိုရှုတာ၊ (စိတ္တ + အနုပဿနာ) စိတ္တ-က စိတ်၊ အနုပဿနာက ရှုရတာ. . . (မှန်ပါ)၊ ဒါဖြင့် စိတ္တာနုပဿနာဆိုတာ စိတ်ကို ရှုကြပါ. . . (မှန်ပါ)။

အဲ့ဒီတော့ ဥပမာ-ဦးမာဒင် ရှုတယ်၊ ဦးသန်းမောင် ရှုတယ်၊ ဦးဗထွေးရှုတယ်၊ ကိုယ့်သန္တာန်ပေါ်တဲ့စိတ်ကို ကိုယ်ရှုရမှာပဲ။ ကိုယ့်သန္တာန်ပေါ်တဲ့စိတ်က ကိုယ်က ဘာပုဂ္ဂိုလ်တုံးဆိုတော့

ပုထုဇဉ်ပုဂ္ဂိုလ်. . . (မှန်ပါ)၊ ပုထုဇဉ်ပုဂ္ဂိုလ်ဆိုတော့ ပုထုဇဉ်သန္တာန်ပေါ်လာတဲ့စိတ်ကို ရှုရုံပဲ. . . (မှန်ပါ)။

## ရှေ့စိတ်ကို နောက်ဉာဏ်နဲ့ရှုပါ

ကိုယ့်သန္တာန် ဈာန်စိတ်ပေါ်လာလိမ့်မယ်၊ လောကုတ္တရာ စိတ်ပေါ်လာလိမ့်မယ်၊ ဒါတွေမယူပါနဲ့၊ ကိုယ်မွေးကတည်းက ကိုယ့်သန္တာန်ဖြစ်ကောင်းတဲ့စိတ်က ၃၇ ပဲရှိတယ်၊ အဲဒီတော့ ဒီ ၃၇ ထဲက အလှည့်နဲ့ပေါ်နေတာပဲ. . . (မှန်ပါ)၊ ပေါ်နေတဲ့စိတ်ကလေးကို ဒကာ ဒကာမတွေက ရှေ့စိတ်ကိုနောက်ဉာဏ်နဲ့ရှုရုံပဲ၊ ရှေ့စိတ်ကို နောက်ဉာဏ်နဲ့ရှုလိုက်တဲ့အခါကျတော့ကို ဘာဖြစ်သလဲလို့မေးဖို့ မလိုဘူးလား. . . (လိုပါတယ်)။

ဉပမာမယ်. . . ဒါက စားချင်တဲ့စိတ်ကလေး. . . (မှန်ပါ)၊ ဝမ်းထဲမှာ စားချင်တဲ့စိတ်ကလေးပေါ်တယ်၊ ဒီစားချင်တဲ့စိတ်ကလေးပေါ်လာတော့ ဒီစားချင်တဲ့စိတ်ကလေးဟာ ရှေးဦးစွာ မှတ်ထားပါ၊ သူ့အသက်တမ်းဟာခဏကလေးပဲရှိတယ်၊ ၁-၂ ဆိုသေတာပဲ၊ ၁-မှာဖြစ်တယ်၊ ၂-မှာသေတယ်. . . (မှန်ပါ)၊ လက်ဖျစ်တစ်တွက်ဆိုရင် မရှိဘူး သူက. . . (မှန်ပါ)။

ဒါဖြင့် ဒီစိတ်ကလေးသည် ဖြစ်မှုပျက်မှုသာရှိတယ်ဆိုပြီး သကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက မဂ္ဂင်ငါးပါးနဲ့လိုက်ပါ. . . (မှန်ပါ)။

အဲဒီတော့ မဂ္ဂင်ငါးပါးနဲ့ဆိုတော့ တပည့်တော်တို့က ရေတွက်လိုက်နေရမှာလားလို့ ဒကာ ဒကာမတွေက မေးလို့ရှိရင် မဟုတ်ပါဘူးတဲ့၊ ဒီစိတ်ကို ရုပ်ဖြစ်အောင်သာရှုပါ. . . (မှန်ပါ)၊ ပေါ်လာတဲ့စိတ်ကို မရှိဘူး သိအောင်သာရှုပါ။ ခင်ဗျားတို့သန္တာန်မှာ ဒီမဂ္ဂင်ငါးပါးပေါ်ပါတယ်. . . (မှန်ပါ)၊ သဘောကျပလား. . (ကျပါပြီ)။

## မဂ္ဂင်ငါးပါးဆိုတာ

ဒီငါးပါးက ဘာဖြစ်လို့ပေါ်ရတာတုံးမေးတဲ့အခါကျတော့ ဒီငါးပါးထဲမှာ သမ္မာဒိဋ္ဌိဆိုတာက စိတ်အပျက်ကို အမှန်သိတာ၊ သမ္မာသင်္ကပ္ပဆိုတာက ကြံစည်တာ၊ ကြံစည်တာက ဘာတုံးဆိုတော့ သမ္မာဒိဋ္ဌိမြင်မှုကို မြင်ကွက်ဖော်ပေးတာ. . . (မှန်ပါ)၊ သမ္မာဒိဋ္ဌိက မြင်တတ်တယ်၊ သမ္မာသင်္ကပ္ပက မြင်ကွက်ဖော်ပေးတယ် . . . (မှန်ပါ)။

သတိက ဘယ်သူလာလာ သတိထားမယ်၊ သမာဓိကတော့ ဘယ်သူလာလာ အာရုံဘက်ကိုစိုက်မယ်၊ ဝီရိယကလည်း ဘယ်စိတ်လာလာ သူက အားစိုက်ပြီး အလုပ်လုပ်မယ်ဆိုပြီး၊ ဒီငါးခုက တစ်ခါတည်းဖြစ်ဖော်ဖြစ်ဖက် ဖြစ်ပြီးသကာလ၊ တစ်ခု သောစိတ် ပေါ်လာလို့ ဒို့က ရှုတော့မယ်ဆိုလို့ရှိရင်၊ ဒါဟာ ခွဲပြီးတော့ ဘယ်တော့မှမဖြစ်ဘူးလို့မှတ်ပါ. . . (မှန်ပါ)၊ ငါးခု တစ်ပြိုင်နက်တည်းဖြစ်တယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒီငါးခုက ခင်ဗျားတို့က ရှုတဲ့ဉာဏ်စိတ်၊ ဒီကအရှုခံတဲ့စိတ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## အရှုခံတဲ့စိတ်ကို ရှုဉာဏ်နဲ့လိုက်ပါ

ဒါဖြင့် အရှုခံတဲ့စိတ်ကို ရှုဉာဏ်နဲ့လိုက်ပါ. . . (မှန်ပါ)၊ အရှုခံတဲ့စိတ်ကို ရှုဉာဏ်နဲ့ လိုက်လိုက်တဲ့အခါကျတော့ စိတ်က ဘာပြောသတုံးလို့ မေးတဲ့အခါကျတော့ ကျုပ်ဟာ စိတ်လည်း ဟုတ်ပါတယ်၊ သို့သော် စိတ် အနိစ္စပါလို့ ပြောသွားတယ်. . . (မှန်ပါ)၊ စိတ်လည်း စိတ်ပဲတဲ့။ သို့သော် ခင်ဗျားတို့ကြည့်တဲ့အချိန်မှာ ကျုပ် မရှိဘူးတဲ့၊ မရှိတော့ ခင်ဗျားတို့ ကြည့်တဲ့အချိန်မှာ ကျုပ်ဟာ သေပါပြီတဲ့၊ သူကပြောသလိုလုပ်သွားတယ်. . . (မှန်ပါ)။

ဒါဖြင့် အရှုခံတရားက စိတ်လည်းကျုပ်ပါပဲ၊ သေတာလည်း ကျုပ်ပါပဲလို့ သူပြောသွားတယ်. . . (မှန်ပါ)၊ ပြောသွားတော့ ဒကာ ဒကာမတွေက ဒီကနေ ဝမ်းထဲကနေပြီး ဉာဏ်နဲ့ လိုက်,လိုက်ပါ။ ကိုယ့်စိတ် ကိုယ်မပိုင်ဘဲကိုး. . . (မှန်ပါ)။

ဒါက ကိုယ့်စိတ် ကြည့်လိုက်တဲ့အခါကျတော့ တည်တံ့ပါဦး၊ ခိုင်ခံ့ပါဦးဆိုလို့ ရရဲ့လား. . . (မရပါဘူး)။

မရတော့ ဒီတရားသည် အနိစ္စလည်းဟုတ်တာပဲ၊ ပျက်စီးသွားတယ်၊ ဒုက္ခကော. . . (ဟုတ်ပါတယ်ဘုရား)၊ အနတ္တကော . . . (ဟုတ်ပါတယ်ဘုရား)၊

## ဖြစ်မှုပျက်မှုကို ဉာဏ်တည့်လိုက်ပါ

အဲ. . . တစ်ခါတည်း ဖြစ်မှုနဲ့ပျက်မှုကို တစ်ခါတည်း ဒကာ ဒကာမတွေက ဉာဏ်တည့်လိုက်သည်နဲ့ တစ်ပြိုင်နက်တည်း အနိစ္စ, ဒုက္ခ, အနတ္တ, ဒုက္ခသစ္စာတွေ တစ်ပြိုင်တည်း မြင်တယ်. . . (မှန်ပါ)၊ ဘယ်သူက မြင်သတုံးဆိုတော့ ရှုတဲ့တရား ငါးပါးက မြင်ပါတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သန္တာန်မှာ ဦးမာဒင်သန္တာန်ဖြစ်စေ၊ ဦးသန်းမောင်သန္တာန်မှာဖြစ်စေ၊ ဦးဗထွေးသန္တာန်မှာဖြစ်စေ ခင်ဗျားတို့ပုဂ္ဂိုလ်၏ ရထိုက်တဲ့စိတ်ကို ရှုရမှာပဲ. . . (မှန်ပါ)၊ မရတဲ့ စိတ် လာကိုမလာဘူး. . . (မှန်ပါ)၊ လာပါ့မလား. . . (မလာပါဘူး)။

ခင်ဗျားတို့သန္တာန်မှာ အခု အချိန်များ သောတာပန်စိတ်လည်းမလာသေးဘူး၊ သကဒါဂမ်စိတ်ကော. . . (မလာသေးပါဘူး၊ အနာဂါမ်စိတ်ကော. . . (မလာသေးပါဘူး)၊ ရဟန္တာစိတ်ကော. . . (မလာသေးပါဘူး)။

## ဘာကိုရှုရမှာတုံး

ဒါဖြင့် ဘာရှုရမှာတုံးဘုရား့ဆိုတော့ ခင်ဗျားတို့ သန္တာန်စိတ်ကင်းလည်း သေမှာပဲ။ စိတ်နဲ့အသက်ရှင်နေတာ. . . (မှန်ပါ)၊ စိတ်ကင်းရင် သေမှာပဲဆိုတာ စိတ်ဟာ မပြတ်ပေါ်နေ

လိမ့်မယ်. . . (မှန်ပါ)၊ မပြတ်ပေါ်နေတော့ ပေါ်လာတဲ့စိတ်ဟာ တစ်စိတ်ပြီးတစ်စိတ် ပေါ်နေတယ်. . . (မှန်ပါ)။

## စောင့်ကြည့်နေရုံပဲ

အဲဒီ ပေါ်လာတဲ့စိတ်ကို ဒကာ ဒကာမတွေက မလွတ်တမ်း နောက်ကနေပြီးသကာလ၊ ဒီစိတ်တွေကို အနိစ္စတွေပဲ အနိစ္စတွေပဲလို့ သူကလည်းပြောသွားတဲ့အတွက်၊ ဖြစ်ပြီးပျက်တဲ့ သဘောတွေကို ချုပ်သွားတဲ့ဓမ္မတွေက ပြောသွားတဲ့အတွက်၊ အနိစ္စပဲ အနိစ္စပဲလို့ ပါးစပ်ကလည်း မပြည်ဘဲနဲ့ အားလည်းမထုတ်ဘဲနဲ့ စောင့်ကြည့်နေရုံပါပဲ. . . (မှန်ပါ)။

စောင့်ကြည့်နေတဲ့အခါကျလို့ရှိရင်ဖြင့် ချုပ်သွားတာက အနိစ္စ၊ ကြည့်တာက အနိစ္စဉာဏ်. . . (မှန်ပါ)၊ ရှုတာက အနိစ္စဉာဏ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

ချုပ်သွားတာက. . . (အနိစ္စပါ)၊ ရှုတာက. . . (အနိစ္စဉာဏ်ပါ)၊ ဒါဖြင့် ခင်ဗျားတို့မှာ အနိစ္စရှိလို့ အနိစ္စဉာဏ်ပေါ်တယ် . . . (မှန်ပါ)။

## အနိစ္စဉာဏ်ဆိုတာမဂ္ဂင်ငါးပါး

ဒါဖြင့် အနိစ္စဉာဏ်ဆိုတာ တခြားလားအောက်မေ့နေတယ်။ ဒို့ရှုတဲ့ မဂ္ဂင်ငါးပါးဆိုတာကိုးလို့ မှတ်ထားပါ. . . (မှန်ပါ)။

ရှုတာက မဂ္ဂင်ငါးပါး။ မဂ္ဂင်ငါးပါးကို ဒကာ ဒကာမတွေက မှတ်လိုက်စမ်းပါ။ အနိစ္စဉာဏ်ဆိုတာလည်း သူပဲ။ ဒုက္ခဉာဏ်ဆိုတာလည်း သူပါပဲ. . . (မှန်ပါ)၊ အနတ္တဉာဏ်. . . (သူပါပဲ)။ ဒုက္ခသစ္စာသိတဲ့ဉာဏ်. . . (သူပါပဲ)။

ဒါဖြင့် ဒကာ ဒကာမတွေ ကိုယ့်စိတ်ကို ကိုယ်ရှုပါ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် ဘုန်းကြီးက ဂဏန်းတပ်ပေးလိုက်တယ်။ ၁-ဟာ ရှုစရာ။ ၂-ဟာ ရှုတာ (မှန်ပါ)၊ ၁-နဲ့ ၂-ကြားမှာဘာမှ မလာဘဲနဲ့ ခင်ဗျားတို့ ၁-က ရှုစရာ၊ ၂-က ရှုတာ၊ ရှုစရာကို ရှုတာနဲ့ ကိုက်သွားအောင် လုပ်နေလို့ရှိရင်ဖြင့် မနက်အားထုတ် ညနေရနိုင်တယ်. . . (မှန်ပါ)။

ဟာ- ရှုစရာက ချုပ်သွားတာကြာလှပြီ၊ ရှုတဲ့စိတ်က မရှုမိဘူး၊ ကြားထဲမှာတစ်ခါတည်း တပည့်တော်တို့ သားကလေးခင်တဲ့စိတ်၊ သမီးကလေး ခင်တဲ့စိတ်၊ မြေးကလေး ခင်တဲ့စိတ် သုံးစိတ်လောက် ဝင်နေမယ်ဆိုလို့ရှိရင် သုံးစိတ်လောက်ဝင်ပြီးတော့မှ ရှုဦးမှာပဲဆိုပြီး ရှုစရာတစ်ခုပေါ်လာလို့ ဒီကရှုတော့ သုံးခုလောက်ခြားမသွားဘူးလား. . . (ခြားသွားပါတယ်)၊ အဲဒါ ကိလေသာသုံးခု ခြားတာလို့သာ မှတ်ပါ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## ကိလေသာခြားရင် မဂ်ရဖို့နွေးလိမ့်မယ်

ဘာခြားသတုံး. . . (ကိလေသာခြားပါတယ်ဘုရား)၊ ကိလေသာခြားသွားလို့ရှိရင်ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောဒီမဂ္ဂင်ငါးပါးက ရှစ်ပါးဖြစ်ဖို့နွေးလိမ့်မယ်တဲ့. . . (မှန်ပါ)၊ ဘာဖြစ်လို့တုံး. . . (ကြားမှာ ကိလေသာခြားလို့ပါ)။

## မဂ်တားဖိုလ်တားတဲ့ရန်သူ

အဲဒီတော့ ခင်ဗျားတို့၏ မဂ်ဖိုလ်တားတဲ့ရန်သူ အကြီးဆုံးကိုယနေ့ ဟောတာပဲတဲ့၊ ကိလေသာကြားထိုးတာ ရန်သူအကြီးဆုံး. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘယ်သူ ရန်သူအကြီးဆုံးပါလိမ့်. . . (ကိလေသာ ကြားထိုးတာ ရန်သူအကြီးဆုံးပါ)။

မှတ်ကြစမ်းပါ၊ ဒီဥစ္စာ သေသေချာချာမှတ်ပါ၊ သေသေချာချာမှတ်ပါ၊ ခင်ဗျားတို့၏ရန်သူ အကြီးဆုံးဟာ ခင်ဗျားတို့မှာ ရှိတယ်၊ အဲဒီရှိတဲ့ရန်သူကြောင့် ခင်ဗျားတို့ သံသရာထဲမှာ အိုဘေး, နာဘေး အပါယ်ဘေးတွေ သင့်နေတာ. . . (မှန်ပါ)။

အဲဒီရန်သူ ဘယ်သူတုံးဆိုတော့ ဒကာ ဒကာမတို့သိတဲ့အတိုင်း ဝိပဿနာမရှုလို့ရှိရင် သူတို့ချည်းနေတယ်၊ ကိလေသာချည်းနေတာပဲ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျသွားပါပြီ)၊ ဝိပဿနာရှုလို့ရှိရင်လည်း သူက ကြားခိုတတ်တယ်. . . (မှန်ပါ)။

ဝိပဿနာရှုတဲ့အခါမှာလည်း. . . (ကြားခိုတတ်ပါတယ်)၊ ဒါ. . . ခပ္ပများတို့၏ အကြီးဆုံးရန်သူပဲ. . . (မှန်ပါ)၊ ကိလေသာမာရ်နတ်လို့ ခေါ်ပါတယ်. . . (မှန်ပါ)၊ ရှင်းပလား . . . (ရှင်းပါပြီ)။

## ကိုယ့်ကိလေသာကတားတာ

ကိလေသာမာရ်နတ်ဆိုတဲ့ဥစ္စာက သူများ လာတားတာလား၊ ကိုယ့်ကိလေသာက တားတာလား. . . (ကိုယ့်ကိလေသာတားတာပါဘုရား)၊ အဲ. . . ကိလေသာက လောဘလည်း ကိလေသာ, ဒေါသလည်းကိလေသာ, မောဟလည်း ကိလေသာ, မာနလည်း ကိလေသာ, ဒိဋ္ဌိလည်း ကိလေသာပဲ။ ဝိစိကိစ္ဆာလည်း. . . (ကိလေသာပါပဲ)၊ ဥဒ္ဓစ္စလည်း ကိလေသာပဲ၊ အဟိရိကလည်း ကိလေသာပဲ၊ အနောတ္တပ္ပလည်း ကိလေသာပဲ. . . (မှန်ပါ)။

ကိလေသာဆယ်ပါး ကြားထိုးနေလို့ရှိရင် ခင်ဗျားတို့သည် ကြာသွားတာပဲ၊ ဖြစ်ပျက်-မဂ် ကြားမှာ သူတို့ တစ်ခုခု ကြားထိုးနေလို့ရှိရင် ကြာသွားမှာပဲ၊ မဂ္ဂင်ငါးခုက မဂ္ဂင်ရှစ်ပါးမဖြစ်နိုင်ဘူး. . . (မှန်ပါ)၊ အလျင်တော့ ငါးပါးနဲ့ ရှုရှုနေတာ၊ ကြားမထိုးလို့ရှိရင် ခဏကလေး ရှစ်းပါးဖြစ်မယ်. . . (မှန်ပါ)၊ ရှစ်ပါးဖြစ်ရင် သောတာပန်တည်မယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ဝိပဿနာမဂ္ဂင်ငါးပါး

ဒါဖြင့် အခု ဖြစ်ပျက်ကိုမြင်ရင် သြော်. . . ဖြစ်သွားပြီ၊ ပျက်သွားပြီလို့ မြင်လိုက်လို့ရှိရင်ဖြင့် ဒါ ငါးပါးနဲ့သိနေတာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒါကို ဝိပဿနာမဂ် လို့ ခေါ်တယ်. . . (မှန်ပါ)။

ဝိပဿနာမဂ်ဆိုတာ မဂ္ဂင်ဘယ်နှစ်ပါးတုံး. . . (ငါးပါးပါ ဘုရား)၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ၊ ဒါ ဝိပဿနာမဂ္ဂင်ငါးပါးပဲ. . . (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့စိတ်ကို ခင်ဗျားတို့ရှုပါဆိုတော့၊ ခင်ဗျား တို့စိတ်ကို ဘယ်လောက်ရှိသတုံးလို့ မသိတော့၊ မနေ့က ဘုန်းကြီး က စိတ္တာနုပဿနာ ရှုရမည့် အာဟာရဆယ့်ခြောက်ပါးထဲမှ ပြောလိုက်တယ်၊ ဦးဗထွေး ခင်ဗျားတို့ရှုဖို့ ဆယ်သုံးခုရှိတယ်. . . (မှန်ပါ)၊ ဒီဆယ့်သုံးခုကတော့ အလှည့်နဲ့ပေါ်မှာပဲ. . . (မှန်ပါ)၊ ဒီ ဆယ့်သုံးခု တစ်ခုမှမပေါ်ရင် ခင်ဗျားတို့သေပြီလို့ ဆုံးဖြတ်ချက် ချ. . . (မှန်ပါ)။

## ပေါ်တဲ့စိတ်ကို မဂ္ဂင်နဲ့ရှုပေး

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို မသေအောင်စောင့် ရှောက်နေတဲ့စိတ် ဘယ်နှစ်စိတ်တုံးမေးရင် ဘယ့်နှယ်ပြောမလဲ . . . (ဆယ့်သုံးပါးပါဘုရား)၊ အဲဒီ ဆယ့်သုံးစိတ်ကို ခင်ဗျားတို့က

ပေါ်တဲ့စိတ်ကို နောက်က မဂ္ဂင်နဲ့မလွတ်တမ်းရှုပေးပါ. . . (မှန်ပါ)။

မလွတ်တမ်းရှုပေးဆိုတော့ ထိုင်ပြီးတော့ ဒကာ ဒကာမတွေက ကြည့်နေပါ။ ထိုင်ပြီးကြည့်နေတော့ ပထမရှေးဦးစွာ ရှုတဲ့စိတ်ကလေး ရှုပါ။ လေကို မလိုချင်ဘူး၊ စိတ္တာ နုပဿနာဆိုတော့ စိတ်ကိုရှုရမှာ၊ ထွက်တဲ့စိတ်ကလေးကို ဪ. . . ထွက်အောင်လုပ်ပြီး ပျက်သွားတာပဲ၊ ရှိုက်တဲ့စိတ်ကလေးကလည်း ရှိုက်အောင်လုပ်ပြီးတော့. . . (ပျက်သွားပါတယ်ဘုရား)၊ သူတို့နှစ်ခုချည်း လှည့်နေတာပဲ. . . (မှန်ပါ)။

ဒါဖြင့် ဒီနှစ်စိတ်ချည်း လှည့်ရှုနေဦး၊ ဉာဏ်ကလေးနဲ့လှည့်နေရမယ်. . . (မှန်ပါ)၊ ဒါ ဉာဏ်အမြင်နော်. . . (မှန်ပါ)၊ ဝမ်းထဲမှာရှိတဲ့စိတ်ကို မျက်လုံးနဲ့ကြည့်လို့ မမြင်ပါဘူး၊ ဉာဏ်အမြင်နဲ့လိုက်ပါ. . . (မှန်ပါ)၊ ဉာဏ်အမြင်နဲ့ဆိုတာက ခင်ဗျားတို့ ရှင်းရှင်းပဲပြောပါ့မယ်၊ ဉာဏ်အမြင်က သာပြီး ထိုးထွင်းပါတယ်. . . (မှန်ပါ)။

## ဖရဲသီးဥပမာဉာဏ်အမြင်

ကျုပ်တို့ ဒိုက်ဦးဆီ ဘယ်ဆီကျတော့ ဖရဲသီးကြီးတွေတွေ့ကြပါလိမ့်မယ်. . . (မှန်ပါ)၊ ခင်ဗျားတို့က ကြည့်လိုက်တယ်၊ ဒီဖရဲသီး ရင့်သလား မရင့်ဘူးလားဆိုတာ ပုတ်ပြီးကြည့်ရင် သိတယ်. . . (မှန်ပါ)။

ရင့်ရင်ဖြင့် ဩော်. . . အတွင်းမှာ အစေ့မည်းတယ်ဆို တာ ခင်ဗျားတို့သိပါတယ်. . . (မှန်ပါ)၊ ဒါ မျက်လုံးနဲ့ကြည့်တာ လား. . . (ဉာဏ်အမြင်နဲ့ကြည့်တာပါဘုရား)၊ ခွဲကြည့်တော့ လည်း အဟုတ်မည်းနေတာပဲ. . . (မှန်ပါ)။

အဲဒီ ဉာဏ်မျိုးနဲ့ ဖရဲသီးကို ပြင်ဘက်ကနေပြီး ကြည့် သော်လည်း အတွင်းသိနိုင်သလို၊ ဝမ်းထဲမှာ စိတ်ကလေးဟာ လည်း မွေးလိုက်, သေလိုက်, ဖြစ်လိုက်, ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ သူဖြစ်တဲ့အကြောင်းကို ကျုပ်တို့ သက်သေခံ လုံလောက်အောင် ပြပါ့မယ်. . . (မှန်ပါ)။

## လေထွက်စေတဲ့စိတ်

ပထမ လေထွက်စေတဲ့ စိတ်ကလေးမလာလို့ရှိရင် ထွက်လေကို မလာဘူး. . . (မှန်ပါ)၊ လေရှိုက်တဲ့စိတ်ကလေး အတွင်းမှာ မဖြစ်သေးလို့ရှိရင် ဒကာ ဒကာမတို့ လေကို အတွင်း ကို ဝင်လို့မရဘူး. . . (မှန်ပါ)။

## လေအတွင်းသွင်းတဲ့စိတ်

ဒါဖြင့် ဒီစိတ်ကလေးသည် လေကိုထွက်အောင် လုပ်တဲ့ စိတ်ကလေးကလည်း သူဖြစ်ပျက်ပျောက်ပြီးမှ လေပြင်ဘက် ရောက်တယ်. . . (မှန်ပါ)၊ လေအတွင်းကို သွင်းတဲ့စိတ်ကလေး

ကလည်း ဖြစ်ပေါ်ပြီးချုပ်သွားမှာပဲ၊ လေကလေးက လိုက်လာတယ်. . . (မှန်ပါ)၊ အတွင်းပြန်လိုက်လာတယ်။

အဲဒီလို ဝမ်းထဲမှာ စိုက်ပြီးပျက်ပြန်ပြီ၊ ဒီဘက်ကပျက်ပြန်ပြီ၊ဒီဘက်ကပြန်ဖြစ်ပြန်ပြီလို့ သူတို့ကို လိုက်နေပါ. . . (မှန်ပါ)။

ကောင်းပြီ၊ ဒါဖြင့် သူတို့နှစ်ခုကို အိမ်သည်စိတ်နှစ်ခုကို ဦးမာဒင်တို့က လိုက်နေပေ့ါဗျာ. . . (မှန်ပါ)၊ လိုက်နေရင်းမတ္တာနဲ့ နားထဲမှာ ဟိုက အခုရိုက်နေတဲ့ ခေတ်မီးကြိုးသွယ်တဲ့လူက တူကလေးနဲ့ ဒေါင်ဆို ရိုက်လိုက်တယ်၊ ရိုက်လိုက်တော့ မကြားပေဘူးလား. . . ဦးသန်းမောင်တို့. . . (ကြားပါတယ်)။

## ကြားတဲ့စိတ်

ဒီဥစ္စာ ကြားတဲ့စိတ်ပေါ်တယ်၊ ဒီစိတ် အခုမရှိဘူး၊ မရှိတော့ ကြားစိတ်ကလေးကိုပဲ ဒီမဂ္ဂင်က လိုက်နေ. . . (မှန်ပါ)၊ ကြားစိတ်ကလေးကလည်း ကြားပြီးတော့ ဩော်. . . ကြားစိတ်ကလေးလည်းပျက်သွားပြီဆိုပြီးတော့ရှုနေ၊ ကြားစိတ်ကလေးမရှိဘူး. . . (မှန်ပါ)၊ မရှိရင် ဒီကိုပြန်လှည့်ပါ. . . (မှန်ပါ)၊ လေထုတ်တဲ့စိတ်၊ လေပြန်သွင်းတဲ့စိတ်ကလေးကို ဖြစ်ပျက်ရှုနေ. . . (မှန်ပါ)။

## နှံတဲ့စိတ်

ဒီကနေပြီးသကာလ ဟိုက အကြော်သည်ဆီက အနံ့ကလေးရလာတယ်၊ မီးဖိုချောင်က အနံ့ကလေးရတယ်၊ အနံ့သိတဲ့စိတ်ကလေး မပေါ်ပေဘူးလား. . . (ပေါ်ပါတယ်)၊ ဟာ. . . ဒါ နှာခေါင်းစိတ်ကလေးပေါ်တယ်၊ ဒါ မရှိတော့ဘူး၊ မရှိတော့ နှာခေါင်းစိတ်ကို ဖြစ်ပျက်လိုက်, လိုက်. . . (မှန်ပါ)၊ ဩော်. . . သူလည်း အနိစ္စပါလားဆိုပြီး လိုက်,လိုက်တော့ သူက ဆက်ပေါ် နေလည်း သူ့ကိုရှုနေပါ. . . (မှန်ပါ)။

သူက မပေါ်တော့ဘူးဘုရား၊ ရှုပြီးပြီ တပည့်တော်၊ သူ မလာတော့ဘူးဆိုရင် ခင်ဗျားတို့ဉာဏ်က ဒီနှစ်ခု ပြန်လှည့်. . . (မှန်ပါ)၊ အအားတော့ မထားနဲ့. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## လျှာစိတ်

ကဲ-တစ်ခါ လျှာပေါ်မှာ သလိပ်ကလေးရောက်လာတယ်၊ လျှာစိတ်ကလေးပေါ်လာတယ်၊ လျှာစိတ်ကို ဖြစ်ပျက်ရှုလိုက်ပါ. . . (မှန်ပါ)၊ ဒါ ဖြုတ်ပစ်ပါ၊ ဖြုတ်ပစ်ရတယ်မဟုတ်ဘူး၊ သူ့ကိုက မပေါ်နိုင်ဘူး. . . (မှန်ပါ)၊ ရှင်းပါလား. . . (ရှင်းပါပြီ)။

ဒါဖြင့် လျှာစိတ်ကလေးဖြစ်ပျက်ရှုပြီးတော့မှ ဘယ်စိတ်မှ မလာတော့မှ ဒီဘက် ပြန်လှည့်၊ ရှုစိတ် ရှိုက်စိတ်ဘက်

ပြန်လှည့်ပါ. . . (မှန်ပါ)၊ ဦးဗထွေး အားသေးရဲ့လား . . . (မအားပါဘူး)၊ မအားတော့ဘူး၊ ပေါ်ရာကိုလိုက်၊ ပြီးတော့ ဒီကို ပြန်ထိုင်ပါ. . . (မှန်ပါ)၊ မပေါ်ရင် သူတို့သာ လှည့်လိုက်နေ. . . (မှန်ပါ)၊ ရှင်း ပလား. . . (ရှင်းပါပြီ)။

## ရှုစိတ်ရှိက်စိတ်ပြန်လှည့်

မပေါ်ရင်. . . (သူတို့နှစ်ခု ပြန်လှည့်ရပါမယ်)၊ သူတို့နှစ်ခု ပြန်လှည့်ပေး၊ သူလည်းဖြစ်ပျက် သူလည်းဖြစ်ပျက် အတွင်းစိတ် ကလေးနှစ်ခု လှည့်ရှုနေ. . . (မှန်ပါ)။

လှည့်ရှုရာမှ ခုနင်က ကိုယ်ပေါ်မှာယားတဲ့စိတ်ကလေး ပေါ်လာတယ်၊ ခင်ဗျား ဘယ်လှည့်မလဲ. . . (ကိုယ်ပေါ်ပြန်လှည့် ရပါမယ်)၊ ကိုယ်ပေါ်ပြန်လှည့်ပြီး ဒီဖြစ်ပျက်ရှုလိုက်. . . (မှန်ပါ)၊ ဩော်. . . ဒါကလေးက ဖြစ်ပြီးပျက်တာပဲလို့ ရှုလိုက်. . . (မှန် ပါ)။

ရှုပြီး အခုပြောတဲ့ စိတ်ကလေးကလည်း မရှိပြန်ဘူး၊ ဘယ်လှည့်ကြမလဲ. . . (အိမ်သည်စိတ်ပြန်လှည့်ရပါမယ်)၊ ဒီနှစ် စိတ်ကို ပြန်လှည့်ရတယ်. . . (မှန်ပါ)၊ ဒါကလေးကို အလှည့်ကျ နဲ့ ပြန်ရှု. . . (မှန်ပါ)။

ရှုရာကနေပြီး ဒကာ ဒကာမတို့ စိတ်ကလေးတွေက ကုသိုလ်လုပ်ချင်သေးတယ်၊ ကြားပေါက် သူပေါ်လာတယ်၊

ဦးမာဒင်က ဘယ်လိုက်မလဲ. . (ကုသိုလ်လုပ်ချင်တဲ့စိတ်ကလေး ကို ပြန်လိုက်ရပါမယ်)။

## ကုသိုလ်စိတ်

ကုသိုလ်စိတ်ကလေးက ဝမ်းထဲမှာဖြစ်ပြီး အင်း. . . ဝမ်း ထဲမှာပျက်တာပဲဆို သူပျောက်သွားတာပဲ. . . (မှန်ပါ)၊ ပျောက် သွားပြီး ဘယ်စိတ်မှမလာတော့ ဒါကို ပြန်လှည့်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဟိုဟာတွေပေါ် လာလည်းလိုက်၊ မပေါ် လာလို့ရှိ ရင် သူတို့ပြန်လှည့်. . . (မှန်ပါ)၊ ဒီတော့ စိတ်ဟာ အားသေးရဲ့ လား. . . (မအားပါဘူး)၊ မအားတော့ ကြားစိတ်ကိလေသာ ထိုး နိုင်သေးရဲ့လား. . . (မထိုးနိုင်ပါဘူး)၊ မထိုးနိုင်လို့ရှိရင် နာရီ အနည်းငယ်အတွင်းမှာတောင် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရနိုင်ပါ တယ်၊ အဟုတ်တင်းတင်း လုပ်စမ်းပါ. . . (မှန်ပါ)။

ကိုင်း. . . ဒါဖြင့် ဆရာဘုန်းကြီးက ပြောတာက ဧည့် သည်လာရင် ဧည့်သည်ကို ဖြစ်ပျက်ရှု၊ မလာရင် အိမ်သည်ကို ပြန်ထိုင်. . . (မှန်ပါ)။

အပြင်ဧည့်သည် လာရင်လည်း အပြင်ဧည့်သည်ကို ဘာ လုပ်မယ်. . . (ဖြစ်ပျက်ရှုရပါမယ်)၊ နောက် ဘယ်ကို ပြန်ထိုင်ရ မယ်. . . (အိမ်သည်ပြန်ထိုင်ရပါမယ်)၊ အိမ်သည်ဆိုတဲ့ ထွက် စိတ် ဝင်စိတ်ကို ပြန်ထိုင်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ကောင်းပြီ။ တစ်ခါ ဒီအထဲကမှ တပည့်တော်တို့က လည်း ဘဝများစွာ သံသရာက မျောက်စိတ်လိုပဲဘုရား၊ တပည့် တော်တို့က ဖျတ်ခနဲ ဖျတ်ခနဲဆို လစ်လစ်ပြီးသကာလ ကြားထိုး စိတ်တွေက ဝင်တယ်၊ ဒီဆယ့်သုံးခုတွင် ရှုရမှာမဟုတ်ဘူး၊ ဒိပြင် စိတ်တွေက ဝင်လာပြန်သေးတယ်ဘုရား့ဆိုလို့ရှိရင်ဖြင့် ဦးမာဒင် တို့က ကြားထိုးစိတ်ကိုလည်း ဖြစ်ပျက်ရှုပေးပါ. . . (မှန်ပါ)။

## ကြားထိုးစိတ်ကို ဖြစ်ပျက်ရှုပေးပါ

ဘယ့်နှယ်လုပ်ရမလဲ. . . (ကြားထိုးစိတ်ကိုလည်း ဖြစ် ပျက်ရှုပေးပါ)။

ကောင်းပြီ။ ကြားထဲမှာ မတရားသဖြင့် ထိုးလာတဲ့ ဣဿာကံကလေးပေါ်လာတယ်၊ သူများချမ်းသာတာ မနာလို တဲ့ ဣဿာကလေးပေါ်လာတယ်၊ အိမ်မှာထားခဲ့ရတာတွေ စိုး ရိမ်တဲ့သောက ကလေးပေါ်လာတယ်၊ အဲဒါကို ဘာလုပ်ကြမလဲ . . . (ဖြစ်ပျက်ရှုရပါမယ်)။

ရှုပြီးလို့ သူ သွားပြီဆိုလို့ရှိရင် နောက်ထပ် မလာတော့ ဘူးဆိုလို့ရှိရင် အိမ်သည်နှစ်ခုပြန်ထိုင်. . . (မှန်ပါ)၊ ရှင်းပလား. . (ရှင်းပါပြီ)။

ဒီလိုချည်းပြန်ထိုင်. . . (မှန်ပါ)၊ ဒီလိုချည်း ပြန်ထိုင်ကြ လို့ ပြင်ဘက်ဧည့်သည်လည်း တပည့်တော်တို့ အနိစ္စ မြင်ပြီ

ဘုရား။ အတွင်းဉည့်သည်လည်း အနိစ္စမြင်ပြီဘုရား၊ ကြားထိုးလည်း အနိစ္စမြင်ပြီဘုရား၊ နောက်ဆုံးပိတ် ထွက်စိတ်ဝင်စိတ်ကိုလည်း ဖြစ်ပျက်ရှုတတ်ပြီဘုရားလို့ ဆိုလို့ရှိရင် ခင်ဗျားတို့ ဘာမှ မပူနဲ့တော့ အနိစ္စနဲ့ အနိစ္စဉာဏ် ခင်ဗျားတို့ကိုက်သွားပြီ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## အနိစ္စနဲ့ အနိစ္စဉာဏ်ကိုက်သွားတယ်

အနိစ္စနဲ့ အနိစ္စဉာဏ် ကိုက်သွားတယ်၊ ဒါက ပျောက်, ပျက်သွားတဲ့ ဓမ္မဟာ အနိစ္စ။ သူက အနိစ္စဉာဏ်။ ဒါ ကိုက်တယ် (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အနိစ္စနဲ့ အနိစ္စဉာဏ်ကြားထဲမှာ ဘာမှမဝင်တော့ဘူး. . (မှန်ပါ)၊ ဘာမှမဝင်တော့လို့ရှိရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီပုဂ္ဂိုလ်ဟာ အနိစ္စာနုပဿီပုဂ္ဂိုလ်ဖြစ်သွားပြီ. . . (မှန်ပါ)။

## အနိစ္စာနုပဿီပုဂ္ဂိုလ်

ရှုနေတဲ့ပုဂ္ဂိုလ်ဟာ. . . (အနိစ္စာနုပဿီပုဂ္ဂိုလ်ဖြစ်ပါတယ်)၊ အဲ. . . အနိစ္စာနုပဿနာဉာဏ်နဲ့ နေသောကြောင့် အနိစ္စာနုပဿီပုဂ္ဂိုလ်ဖြစ်သွားပြီ. . . (မှန်ပါ)။

ကောင်းပြီ၊ ဒီလိုနဲ့ ရှုရှု ရှုရှုပြီးသကာလ ဒကာ ဒကာမတွေကနေတဲ့အခါမှာ ထိုင်တာက အ ျက်နဲ့. . . (မှန်ပါ)၊ ထိုင်

တာကတော့ ဒီအတိုင်းပဲထိုင်နေပါ၊ ပေါ်တာက သူ ဒီကိုယ်ထဲ လှည့်ပေါ်နေမှာပဲ. . . (မှန်ပါ)၊ ဘယ်မှ ခင်ဗျားတို့သွားစရာ မလို တော့ဘူး. . . (မှန်ပါ)၊ သွားစရာမလိုဘူး။

## ဘာမှမရှိရင် ထွက်စိတ်ဝင်စိတ်ရှုနေပါ

ဘာမှမရှိရင် ထွက်စိတ်ဝင်စိတ် ရှုနေ. . . (မှန်ပါ)၊ ဒီမြင် စိတ်ပေါ်လာရင်. . . (ပေါ်တဲ့စိတ်ရှုရပါတယ်)၊ ပေါ်တဲ့စိတ်လိုက် လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဘာဖြစ်လို့ ဒီ ဒကာ ဒကာမတွေ အပင်ပန်းခံပြီးတော့ ဒါတွေ ဂရုတစိုက် လိုက်နေရသတုံးလို့ မေး တဲ့အခါကျတော့ ဖြစ်ပျက်နောက်က ဒီမဂ်ကလေး မလိုက်တတ် ဘူး. . . (မှန်ပါ)။

မလိုက်တတ်တော့ ခင်ဗျားတို့ ဒါကလေးက မြင်စိတ်၊ ဒါကလေးက လိုချင်တဲ့စိတ်၊ ဒါကလေးက စွဲလမ်းတဲ့စိတ်၊ ဒါ ကလေးက အားထုတ်တဲ့စိတ်၊ ဟော. . . တဏှာ ဥပါဒါန်ကံဟာ လာတော့တာပဲ. . . (မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ်ပေါ်လာတယ်. . . (မှန်လှပါ)၊ မပေါ်ဘူးလား. . . (ပေါ်ပါတယ်)။

ဒါဖြင့် တဏှာ, ဥပါဒါန်, ကံ။ ကံလာလို့ရှိရင် သေသည် ၏ အခြားမဲ့၌ ဇာတိ, ဇရာ, မရဏ မလာပေဘူးလား. . . (လာ ပါတယ်)။

## ရှုရမည့်စိတ်ကိုမရှုခဲ့ရင်

ရှေ့ကတော့ဖြင့် ရှုရမယ့်စိတ်ကို မရှုသောကြောင့် တဏှာ ဥပါဒါန် ကံတို့နဲ့ပဲ ခင်ဗျားတို့အချိန်ကုန်နေရတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

ဘာနဲ့အချိန်ကုန်ရသလဲ. . . (တဏှာ ဥပါဒါန် ကံနဲ့ အချိန်ကုန်ရပါတယ်)။

ဒါဖြင့် ခင်ဗျားတို့မှာ ပဋိစ္စသမုပ္ပါဒ်လည်တဲ့တရားနဲ့ အချိန်ကုန်တယ်၊ ဟုတ်လား. . . (မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ်ဖြတ်တဲ့ တရားနဲ့အချိန်မကုန်ဘူး. . . (မှန်ပါ)။

ဒီနှစ်ခုကို သေသေချာချာမှတ်ပါ၊ ရှေးတုန်းကတော့ မြင်တဲ့စိတ် စိန်တွေမြင်တယ်၊ လိုချင်တယ်၊ မရ ရအောင် အားထုတ်မယ်၊ ကာယကံ ဝစီကံနဲ့ လုပ်မယ်၊ ပြောမယ်၊ ဆိုမယ်. . . (မှန်ပါ)၊ တဏှာ၊ ဥပါဒါန်၊ ကံ မလာဘူးလား. . . (လာပါတယ်)၊ သေသည့်အခြားမဲ့၌ ဇာတိ၊ ဇရာ၊ မရဏ လာလိမ့်မယ်. . . (လာမှာပါဘုရား)။

## အပါယ်ရောက်နိုင်တယ်

လာတော့ ဩော်. . . ရှေးကတော့ ခင်ဗျားတို့ မြင်စိတ်တစ်ခုပေါ်ရင်ပဲ အပါယ် ရောက်သွားနိုင်ပြီ။ သံသရာလည်ပြီ. . . (မှန်ပါ)၊ ကြားစိတ်တစ်ခုပေါ်ရင်. . . (အပါယ်ရောက်သွားနိုင်ပါ

တယ်)၊ နံ့စိတ်တစ်ခုပေါ်ရင်. . . (အပါယ်ရောက်သွားနိုင်ပါ
တယ်)၊ ကြံ့စိတ်တစ်ခုပေါ်ရင်. . . (အပါယ်ရောက်သွားနိုင်ပါ
တယ်)။

ဘယ့်နှယ်ကြောင့် ရောက်သွားနိုင်ပါလိမ့်မတုံး၊ ပဋိစ္စ
သမုပ္ပါဒ်လည်စိတ်သာ ပေါ်၍ ပဋိစ္စသမုပ္ပဒ် ဖြတ်တဲ့စိတ် မလာ
ဘူး. . . (မလာပါဘူး)။

## မဂ်ကပဋိစ္စသမုပ္ပါဒ်ကို ဖြတ်တယ်

အခုတော့ ဘုန်းကြီးက ဦးသန်းမောင်တို့၊ ဦးဗထွေးတို့၊
ဒေါ်ကောက်တို့လူစု ဒါကလေးရှုလိုက်၊ မြင်တဲ့စိတ်ကလေးလာ
ရင် မြင်တဲ့စိတ်ကလေးဟာ ဖြစ်ပြီးပျက်တယ်လို့ ဟောဒီက ရှုပေး
. . . (မှန်ပါ)၊ ရှုပေးဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဖြစ်တဲ့စိတ်တွေ လာခွင့်
ရသေးရဲ့လား. . . (မရပါဘုရား)။

ဒါဖြင့် ဒီမဂ်သည် ဒီပဋိစ္စသမုပ္ပါဒ်ကို ဖြတ်တယ်. . . (မှန်
ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒီမဂ်သည်. . . (ဒီပဋိစ္စသမုပ္ပါဒ် ဖြတ်ပါတယ်)၊ ဟော
ပဋိစ္စသမုပ္ပါဒ် ဖြတ်ပုံ ရှင်းပြမယ်. . . (မှန်ပါ)၊ တဏှာ ဥပါဒါန်
ဟာ ဦးဗထွေး ကိလေသဝဋ်. . . (မှန်ပါ)၊ ကမ္မဘဝဟာ ကမ္မဝဋ်
. . . (မှန်ပါ)၊ နောက်လာမည့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊
သေခြင်းကို. . . (ဇာတိ, ဇရာ, မရဏ)၊ ဝိပါကဝဋ် ခေါ်တယ်. . .
(မှန်ပါ)။

## ပေါ်လာတဲ့စိတ်ကို ဖြစ်ပျက်ရှုပါ

အဲ. . . ခင်ဗျားတို့ဘာမှသံသယမရှိနဲ့၊ ပေါ်လာတဲ့စိတ်ကလေးကို ဘုန်းကြီးက လိုက်ဖြစ်အောင်လိုက်ပြီး ရှုပါလို့ဆိုလိုက်တဲ့အတွက် ကိလေသဝဋ်လည်း လာခွင့်မရဘူး. . . (မှန်ပါ)၊ ကမ္မဝဋ်ကော. . . (လာခွင့်မရပါဘူး)၊ ဝိပါကဝဋ်ဆိုတဲ့ ခန္ဓာကြီးကော. . . (လာခွင့်မရပါဘူး)၊ ဒါကြောင့် ဘုန်းကြီးက အလိုက်ခိုင်းတာကိုးလို့ သိပါ. . . (မှန်ပါ)။

ဒီက ဖြစ်ပျက်၊ ဖြစ်ပျက်နောက်က ဒီမဂ်ကို လိုက်ပေးပါ . . . (မှန်ပါ)၊ ဘာဖြစ်လို့ အလိုက်ခိုင်းပါလိမ့်မတုံးဆိုတော့ ဟောဒီကိလေသဝဋ် မလာစေချင်လို့. . . (မှန်ပါ)၊ ဒီကမ္မဝဋ်ကော. . . (မလာစေချင်လို့ပါ)၊ ဒီ ဝိပါကဝဋ်ကော. . . (မလာစေချင်လို့ပါဘုရား)။

ဒါဖြင့် ဝဋ်သုံးပါး ကျွတ်တယ်. . . (မှန်ပါ)၊ ကိလေသဝဋ် . . . (ကျွတ်ပါတယ်)၊ ကမ္မဝဋ်ကော. . . (ကျွတ်ပါတယ်)၊ ဝိပါကဝဋ်ကော. . . (ကျွတ်ပါတယ်)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ). ။

## ဖြစ်ပျက်ရှုရတာ ဝဋ်ကျွတ်ပါတယ်

ဒါဖြင့် ဖြစ်ပျက်ရှုရတာ ဘာများ ကျေးဇူးရှိသတုံးဆိုတော့ ဝဋ်ကျွတ်ပါတယ်. . . (မှန်ပါ)။

သူများပြောလား၊ အမြင်လား ကြည့်. . . (အမြင်ပါဘုရား)၊ အမြင်ပဲမဟုတ်လား. . . (အမြင်ပါဘုရား)။

မရှုဘဲနေလို့ရှိရင် မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်ဆို တော့ ကိလေသဝဋ်ပေါ်ပါတယ်. . . (မှန်ပါ)၊ ဒါဖြင့် အားထုတ် မယ်ဆိုတဲ့ ကမ္မဝဋ်ကကော. . . (ပေါ်ပါတယ်)၊ သေသည်၏ အခြားမဲ့၌ ဝိပါကဝဋ် ရ-မရ. . . (ရပါတယ်ဘုရား)။

ဒါဖြင့် ဒီဝဋ်သုံးပါးသည် ဘယ်လိုပုဂ္ဂိုလ် ရတာတုံး. . . မြင်တဲ့စိတ်ကလေးလာရင် ဖြစ်ပျက်မရှုတဲ့ပုဂ္ဂိုလ် ရတယ်. . . (မှန်ပါ)၊ ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ် ဝဋ်ကျွတ်တယ်. . . (မှန်ပါ)။

ဒါဖြင့် သူများပြောလား၊ ခင်ဗျားတို့စိတ်စဉ်ကို ခင်ဗျားတို့ ဉာဏ်နဲ့ဖြတ်တယ်. . . (မှန်ပါ)၊ ဒီအတိုင်းနေတော့ ခင်ဗျားတို့ စိတ်စဉ်က ဒီအတိုင်းသွားတယ်. . . (မှန်ပါ)။

## မြင်တယ် လိုချင်တယ် စွဲလမ်းတယ်

မြင်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ မရ ရအောင် အား ထုတ်မယ်ဆိုတာကော. . . (ပေါ်ပါတယ်ဘုရား)၊ အဲဒီ အား ထုတ်တဲ့ဥစ္စာ ကံပဲ. . . (မှန်ပါ)၊ ကမ္မ သတ္တေ ဝိဘဇတိ ဆိုတော့ ဒီဘက်က ဝိပါက်အကျိုးပေးရမယ်. . . (မှန်ပါ)၊ မပေးပေဘူး လား. . . (ပေးပါတယ်)၊ ဒါဖြင့် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါက ဝဋ်. . . (မှန်ပါ)။

ဒါက ဦးမာဒင်တို့၊ ဦးသန်းမောင်တို့၊ ဦးဗထွေးတို့ ဘယ် ပုဂ္ဂိုလ်မှာ လာတာတုံး. . . (ဝိပဿနာမရှုတဲ့ပုဂ္ဂိုလ်မှာ လာပါ

တယ်)၊ ရှုတဲ့ပုဂ္ဂိုလ်မှာ. . . (မလာပါဘူး)၊ ဒါတွေ ရှုလိုက်တော့ သူတို့ကို ပေါ်ခွင့်ရရဲ့လား. . . (မရပါဘူး)။

ဪ. . . ဒကာ ဒကာမတို့ ဝင်္ဋကျွတ်ဆိုတာ ဒါကိုး . . . (မှန်ပါ)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ကိလေသဝဋ် ကျွတ်တာလည်း ခင်ဗျားတို့နားလည်ပြီ . . . (မှန်ပါ)၊ ကမ္မဝဋ် ကျွတ်တာကော. . . (နားလည်ပါပြီ)၊ ဝိပါကဝဋ် ကျွတ်တာကော. . . (နားလည်ပါပြီ)။

ဒါ. . . ဘုန်းကြီး ပြောတဲ့အတိုင်းသာ ခင်ဗျားတို့က ဦးမာဒင်တို့က ခပ်ပေ့ါပေ့ါ၊ ဦးသန်းမောင်တို့က ခပ်ပေ့ါပေ့ါ၊ ဦးဗထွေးတို့က ခပ်ပေ့ါပေ့ါ၊ ဒေါ်ကောက်တို့ကလည်း ခပ်ပေ့ါပေ့ါ နဲ့ မရှုဘဲနေလိုက်ရင် သူက ပေါ်တာပဲ (မှန်ပါ)။

မြင်တဲ့စိတ် ပေါ်တဲ့နောက်က သူ မလိုက်ပေဘူးလား . . . (လိုက်ပါတယ်)၊ လိုက်တော့ ဝဋ်မကျွတ်နိုင်တာက သေချာနေတယ် (မှန်ပါ)၊ မသေချာဘူးလား (သေချာပါ တယ်)။

## အိမ်ထဲနေပြီး အပါယ်သွားနိုင်တယ်

သေချာတော့ကို ခင်ဗျားတို့ မရှုဘဲနေတဲ့အတွက် အိမ်ထဲက နေပြီးတော့ အပါယ်သွားနိုင်တယ် (မှန်ပါ)၊ လမ်းသွားရင်း မတ္တနဲ့ (အပါယ်သွားနိုင်ပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ အပါယ်သွားတဲ့နေရာ ရွေးသေးသလား (မရွေးပါဘူး)၊ ဘာဖြစ်လို့ ခင်ဗျားတို့ မရွေးကြသတုံးဆိုတော့ တံခါးပိတ်တဲ့ အလုပ်မလုပ်တတ်လို့ (မှန်ပါ)၊ ဒါဖြင့် ခင်ဗျားတို့အတွက်ဟာ စိုးရိမ်စရာကြီးပါလား (စိုးရိမ်စရာကြီးပါဘုရား)၊ စိုးရိမ်စရာသိပ်ကောင်းတယ် (မှန်ပါ)။

ဘယ့်နှယ်ကြောင့် စိုးရိမ်စရာ သိပ်ကောင်းသတုံးဆိုတော့ မြင်ရင်အပါယ်သွားစရာ ဖြစ်လာနိုင်ပြီ ခင်ဗျားတို့ (မှန်ပါ)၊ ကြားရင်ကော (သွားနိုင်ပါတယ်)၊ နံရင် (သွားနိုင်ပါတယ်)၊ စားရင်ကော (သွားနိုင်ပါတယ်)၊ ယားရင်ကော (သွားနိုင်ပါတယ်)၊ စားရင်ကော (သွားနိုင်ပါတယ်)။

## အပါယ်သွားဖို့ချည်းပဲ

ခင်ဗျားတို့မှာဖြင့် အပါယ်သွားဖို့ချည်းပဲဆိုတော့ ကျုပ်တို့ဘာလုပ်လို့တုံး၊ ဒါတွေဖြစ်လို့ ကိုယ့်အဖြေကိုယ်ထုတ်လိုက် (မှန်ပါ)။

ကျုပ်တို့ ဘာလုပ်မလို့တုံးဆိုပြီး သူများမေးမယ် ကြံလို့ရှိရင် အဲဒါ မသိတဲ့လူကမေးတာ (မှန်ပါ)၊ သိတဲ့လူကတော့ မြင်တယ်ဆိုလို့ရှိရင် ဦးသန်းမောင် လိုချင်တယ်စွဲလမ်းတယ်ဆိုတာ မလာပေဘူးလား (လာပါတယ်)၊ အားထုတ်မယ်ဆိုတာ လာပါတယ် (မှန်ပါ)။

အားထုတ်တာကံ၊ သေသည်၏အခြားမဲ့၌ ကမ္မဘဝပစ္စယာ (ဇာတိပါဘုရား)၊ ဇာတိဆိုတော့ အပါယ်ဇာတိ မလာပေဘူးလား (လာပါတယ်)။

## ဒါတွေပေါ်လို့အပါယ်သွားရတာ

အဲဒီတော့ကို ကျုပ်တို့ ဘာလုပ်လို့ အပါယ်သွားရမှာတုံးလို့ သူများမေးလို့ရှိရင် ဒါတွေပေါ်လို့ အပါယ်သွားရတယ် (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)၊ သူများပြောလား အမြင်လား (အမြင်ပါဘုရား)။

ဒီအမြင်သည် အားလုံး ဒကာ ဒကာမတွေ ရှင်းထားပါ၊ ဘယ်လိုပဲ ခင်ဗျားတို့ အလှူကြီးပေးနေ၊ အတန်းကြီးပေးနေလည်း အဲဒါက ခဏကလေးပါ၊ မြင်လို့ လိုချင်တဲ့ကိစ္စတွေက (အများကြီးပါဘုရား)၊ ကြားရင် လိုချင်တဲ့ကိစ္စ၊ မုန်းတဲ့ကိစ္စတွေက (အများကြီးပါဘုရား)။

ဒါဖြင့် ဟိုဟာကလေးနဲ့ ခင်ဗျားတို့ ကာမိနိုင်ပါ့မလား (မကာမိပါဘူး)၊ ဒီတော့ ကြာတယ်ဗျာ - သူ့ကိုဖြတ်တာအေးတယ် (မှန်ပါ)၊ သူ့ကိုမလာအောင် လုပ်နိုင်ရင် ပြီးတာပဲ (မှန်ပါ)။

ဒါဖြင့် မြင်တဲ့စိတ်ကလေး ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်)၊ ဖြစ်ပျက်ရှုလိုက်တော့ ဒီဟာတွေ လာသေးရဲ့လား (မလာပါဘူး)။

ဒါဖြင့် သူမလာလို့ရှိရင် ကျုပ်တို့ နောက်သံသရာဆိုတဲ့ ခန္ဓာပေါ်သေးရဲ့လား (မပေါ်ပါဘူး)၊ ဘာဖြစ်လို့ မပေါ်သတုံး (ဖြစ်ပျက်ရှုလို့ပါ)၊ မြင်လိုက်လို့ (မှန်ပါ)၊ မြင်တော့ ဘာနဲ့ မြင်တာတုံးဆိုတော့ (မဂ်ဉာဏ်နဲ့ မြင်ပါတယ်)။

## မဂ်ဟာဘာလုပ်သတုံး

မဂ်နဲ့မြင်တော့ မဂ်ဟာ ဘာလုပ်သတုံး၊ မဂ်ဟာ ကိလေသာဖြတ်တယ် (မှန်ပါ)၊ ဒီကိလေသာဖြတ်တယ်၊ ကံဖြတ်တယ် (မှန်ပါ)။ အကျိုးပေးဖြတ်တယ် (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

မဂ်သည် ဘယ်နှစ်ခု ဖြတ်သတုံး (သုံးခုဖြတ်ပါတယ်)၊ ကိလေသာလည်းဖြတ်တယ်၊ ကံလည်းဖြတ်တယ်၊ အကျိုးပေး ကော (ဖြတ်ပါတယ်)။

ဒါတွေကို သူဖြတ်တာ ဟူသရွေ့ကိုလည်း ဦးဗထွေးတို့ ဦးသန်းမောင်တို့က ပြော် - မကောင်းတာတွေ အကုန်ဖြတ် တာပဲ (မှန်ပါ)၊ မကောင်းတာက ကိလေသဝဋ်လည်း မကောင်းဘူး၊ ကမ္မဝဋ်ကော (မကောင်းပါဘူး)၊ ဝိပါကဝဋ်ကော (မကောင်းပါဘူး)။

## ရန်သူကိုအောင်ပွဲယူတာဒီမဂ်ပါပဲ

မကောင်းတာကို အကုန်ရှင်းလင်းပေးနေတာသည် ကိလေသာ ရန်သူတွေ ကိလေသာရန်သူ၏ အကျိုးတွေကို အောင်ပွဲယူတာ ဒီမဂ်ပါပဲ (မှန်ပါ)၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဖြစ်ပျက် လာတိုင်း လာတိုင်း ဓမ္မသဘာဝ ပေါ်တိုင်း ပေါ်တိုင်း ကိုယ့်သန္တာန်ပေါ်တဲ့ ဆယ့်သုံးခုကို ဒကာ ဒကာမတို့ လှည့်ပြီးရှုနေရမယ် (မှန်ပါဘုရား)။

## ညနေအားထုတ်မနက်ရနိုင်တယ်

လှည့်ရှုနေတဲ့အခါကျလို့ရှိရင် အနိစ္စနဲ့ မဂ္ဂနဲ့ ကိုက်သွားမှာပဲ (မှန်ပါ)၊ ကိုက်သွားလို့ရှိရင် ညနေအားထုတ် မနက်ရနိုင်ပါတယ်ဗျာ ဘာမှမပူနဲ့ (မှန်ပါ) ရှင်းကြပလား (ရှင်းပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဝေးသလား၊ နီးသလားလို့ မေးရင် ခင်ဗျားတို့ ဘယ့်နှယ်ဖြေမလဲ (နီးပါတယ်ဘုရား)၊ နီးလျက်နဲ့ ခင်ဗျားတို့ ဘာဖြစ်လို့မရသတုံးဆိုတော့ မဂ်နဲ့ မဖြတ်နိုင်လို့၊ သဘောကျပလား (ကျပါပြီ)။

အခုတော့ဖြင့် ဒီဆယ့်သုံးခု လာတိုင်း လာတိုင်း တပည့်တော်တို့က မဂ်နဲ့ဖြတ်မယ်ဘုရား၊ ဖြစ်ပျက်-မဂ်၊ ဖြစ်ပျက်-မဂ် ကိုက်အောင် လုပ်နေမယ်ဘုရား (မှန်ပါ)၊ အဲဒီလို ကိုက်အောင် လုပ်နေလို့ရှိရင် ဒီဝဋ်သုံးပါးဟာ ဘယ်တော့လာဦးမလဲ (မလာပါဘူးဘုရား)။

## ကိုယ့်ဉာဏ်နဲ့ဝဋ်ကိုချွတ်ပါ

ဒါဖြင့် ခင်ဗျားတို့ ဉာဏ်နဲ့ ခင်ဗျားတို့ ဝဋ်ကိုချွတ်ပါ (မှန်ပါ)၊ သဘောပါပလား (ပါပါပြီ)။

ဘယ်သူ့ဉာဏ်နဲ့ ချွတ်ရမတုံး (ကိုယ့်ဉာဏ်နဲ့ကိုယ် ချွတ်ရပါမယ်)၊ ကိုယ့်ဉာဏ်နဲ့ကိုယ် ချွတ်ရမယ်၊ ဆရာသမားက နည်းပေးရုံပဲ (မှန်ပါ)။

ဆရာသမားကတော့ နည်းပေးရုံပဲဆိုတော့ ဩော်-ဒါဖြင့် ဒို့သန္တာန်မှာ များများရှုစရာ မရှိပါဘူး၊ ဆရာဘုန်းကြီးက အခုပြောပြတာ ဆယ့်သုံးပါးလောက်ရှုရင် ပြီးနိုင်သတဲ့။

အဲဒီ ဆယ့်သုံးပါးကလေး ပေါ်တာ ဒို့က လိုက်နေလို့ ရှိရင်ဖြင့် ဒို့မှာ မဂ်ရနေတယ်၊ လိုက်တာဟာ ပုဗ္ဗဘာဂမဂ်ပဲ (မှန်ပါ)။

## ဖြစ်ပျက်လိုက်နေရင်မဂ်ပေါ်တယ်

အဲ့ဒီတော့ မဂ်ဖိုလ်လိုချင်လို့ ဆုတောင်းရုံတောင်းနေလို့တော့ မဂ်မဝင်ဘူး၊ ပေါ်တဲ့ခမ္မကလေးကို ဖြစ်ပျက်လိုက်နေလို့ရှိရင် မဂ်ပေါ်တယ် (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ကိုယ့်ကိုယ်ကို သနားလို့ရှိရင် လုပ်ရလိမ့်မယ် (မှန်ပါ ဘုရား)။

## ကိုယ့်ကိုယ်သနားရင်လုပ်ရလိမ့်မယ်

ဘာလုပ်ရမယ် (ကိုယ့်ကိုယ်သနားရင်လုပ်ရပါလိမ့် မယ်)၊ ကိုယ့်ကိုယ်သနားရင် လုပ်ရလိမ့်မယ်ဆိုတော့ ဦးမာဒင် ဒီစကားဟာ ကုန်နေတဲ့စကား (မှန်ပါ)၊ မလုပ်ရင် ဘာတုံး (မသနားလို့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကိုယ့်ကိုယ်သနားလို့ ထမင်းကျွေး နေတာက သနားရာမကျဘူး (မှန်ပါ)၊ ကိုယ့်ကိုယ်အဝတ် အမျိုး မျိုးဆင် စိန်ရွှေတွေ မြတွေ ပတ္တမြားတွေ အမျိုးမျိုးဆင်နေကြ တာ သနားတာပဲ (မှန်ပါ)၊ ဆင်ရင်းပြင်ရင်းနဲ့ပဲ သူက အိုပွဲ နာပွဲ သေပွဲ နောက်ဘဝ အပါယ်လေးပါးပွဲသွားတာပဲ။

## ကိုယ့်ဉာဏ်နဲ့ရှုနေရင် သံသရာပြတ်တာပဲ

အဲဒါတွေက ကိုယ့်ကိုယ်ကိုသနားတဲ့ ပုဂ္ဂိုလ်မဟုတ်ပါ ဘူးတဲ့၊ ကိုယ့်ကိုယ်သနားတာကတော့ ခုနင်က ကိုယ့်ကိုယ်၏ ဖြစ်ပျက်အနိစ္စကို ကိုယ့်ဉာဏ်နဲ့ရှုနေတဲ့ ပုဂ္ဂိုလ်ကမှ ကိုယ့်ကိုယ် သနားပြီး နောက်ဘဝ သံသရာဖြတ်တာပဲ (မှန်ပါ)။

သံသရာလည်တယ်၊ ရှင်းပလား၊ ကိလေသာလည်း သံသရာပဲ၊ ကံလည်း သံသရာပဲ၊ အကျိုးပေးကော (သံသရာ ပဲ)၊ ဒီသံသရာကြီးဟာ ဒီမဂ်ဝင်မှ ပြတ်တယ် (မှန်ပါ)၊ ဒီမဂ်မဝင် ရင် (မပြတ်ပါဘူး)။

## မဂ်ရလို့ပြတ်တာ

ဒါဖြင့် ဒီဥစ္စာသည် ဘယ့်နှယ်ကြောင့် ပြတ်သွားသတုံး ဘုရားလို့ ဆိုတော့ ပြတ်ရမည့် အကြောင်းရှိပါတယ်၊ ခင်ဗျားတို့မြင်တာသည် ဟောဒါကလေးက မြင်စိတ်ကလေး၊ ကြားတဲ့ စိတ်ကလေးကို မရှိဘူးလို့ သိတော့ ဖြစ်ပျက်က ပျောက်သွားတာက ဒုက္ခသစ္စာပဲ (မှန်ပါ) မြင်တာက (မဂ္ဂသစ္စာပါ) မဂ္ဂသစ္စာ ဆိုလို့ရှိရင် ကိလေသာ, ကံ, ဝိပါကဝဋ်ကို ဖြတ်ရ မယ် (မှန်ပါ) မဂ်ရလို့ ပြတ်တာ (မှန်ပါ) သဘောကျပလား (ကျပါပြီ) မဂ်မရရင် (မပြတ်ပါဘူး)။

ဒါဖြင့် ခင်ဗျားတို့ရှုတာသည် ကိုယ့်သံသရာကို ဖြတ်နေတာ ဒုက္ခသစ္စာသိတဲ့ဉာဏ်နဲ့ဖြတ်တာ (မှန်ပါ) ရှင်းပလား . . . (ရှင်းပါပြီ)။

## ဝဋ်ကျွတ်တာက နိဗ္ဗာန်ရတာ

ဒါဖြင့် ဖြစ်ပျက် ဘာသစ္စာ (ဒုက္ခသစ္စာ)၊ မြင်တာကလေးက (မဂ္ဂသစ္စာပါ) သူလာတော့ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ရှိသေးရဲ့လား (မရှိပါဘူး) ဒါဖြင့် ကိလေသဝဋ်နဲ့ ကမ္မဝဋ် ကျွတ်သွားတာက သမုဒယသေတာ၊ ဝိပါကဝဋ်ကျွတ်တာက နိဗ္ဗာန်ရတာ. . . (မှန်ပါ)။

ကိုင်း. . . ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ သမုဒယသေတာ

ဟောဒါက နိရောဓ ပေါ်တာ. . . (မှန်ပါ)၊ နောက် ခန္ဓာလာသေး ရဲ့လား. . . (မလာပါဘူး)၊ မလာလို့ရှိရင်ဖြင့် ဒုက္ခသစ္စာကြီး ချုပ်ငြိမ်းသွားတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## လုပ်ဖြစ်အောင်လုပ်ကြပါ

ပေါ်ပြီနော်. . . (ပေါ်ပါပြီ)၊ ဒါဖြင့် လုပ်ဖြစ်အောင်လုပ်ကြပါ. . . (မှန်ပါ)၊ ဘယ်နှစ်ခု ရှုရမှာတုံး. . . (ဆယ့်သုံးခုရှုရမှာပါ)၊ ဆယ့်သုံးခုထဲကလည်း အမြဲတမ်းရှုရမှာက နှစ်ခုတည်း . . . (မှန်ပါ)။

ကျန်တဲ့ ခင်ဗျားတို့ဆယ့်တစ်ခုက. . . (လှည့်ရှုရမှာပါ)၊ ပေါ်မှရှု၊ မပေါ်ရင်မရှုနဲ့. . . (မှန်ပါ)၊ မပေါ်ရင် ဒီနှစ်ခုပဲလှည့်ရှု . . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

**ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့။**

**သာဓု သာဓု သာဓု။**